# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသနှင့် မငြိမ်းချမ်းသောဒေသများသို့ ဝန်ထမ်းများစေလွှတ်သည့်အခါ ဆေးပင်စင်ယူခါနီးဝန်ထမ်းများနှင့် လုပ်သက်ပြည့်ပင်စင်ယူခါနီး ဝန်ထမ်းများအား စေလွှတ်ခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ဖြင့်ဝန်ထမ်းများ စေလွှတ်ခြင်းတို့မှာ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်နေခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆) နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအရ တာဝန်ပေးအပ်ထားသည့် နိုင်ငံတကာမှ ကျွမ်းကျင်သူ သို့မဟုတ် အကြံပေး ပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာစွာ သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၇ | ဒလမြို့နယ်တွင် စက်မှုလက်မှုအထက်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၅ |
| ၈ | တံတားဦးမြို့နယ်၊ မြေငူအခြေခံပညာအထက်တန်းကျောင်းအား ၂၀၁၉ ခုနှစ်အတွင်း တက္ကသိုလ်ဝင် စာမေးပွဲ စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၉ | ရေဦးမြို့ အ.ထ.က(၁)ကျောင်းဝင်းအတွင်းရှိ သင်ကြားရေး အဆောင်များဖြစ်သော ကံ့ကော်ဆောင်နှင့် အင်ကြင်းဆောင်တို့မှာ ကျောင်းသားကျောင်းသူဦးရေများပြားခြင်း၊ ကျောင်းဆောင် သက်တမ်းကာလ ကြာမြင့်ခြင်းတို့ကြောင့် ကျောင်းဆောင်အမိုးများ၊ ကြမ်းခင်းများ၊ လှေကားများ၊ အကာလက်ရန်းများ ခိုင်ခံ့မှုကိုစစ်ဆေးကာ နွေရာသီကျောင်းပိတ်ရက်များတွင် ပြုပြင် | ၂၉ |

ထိန်းသိမ်း ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ဟွေဟိုးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် နားတစ် ကျေးရွာအုပ်စု၊ ပန်ဟူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် စာသင်ကျောင်းဆောင် အသစ်တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၁

၁၁ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှာ ဘွဲ့ကြိုတန်း (ညနေသင်တန်း)များအား တာဝန်ယူဖွင့်လှစ်နိုင်သည့် တက္ကသိုလ်များရှိပါက ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၃

၁၂ ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က ပေးအပ်သောဘွဲ့နှင့် လျော်ညီသော ပညာ အရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့၊ လက်တွေ့ မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်း တင်ခိုင်းမှု များပြုလုပ်၍ အဆင့်မြင့် ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး အဖြတ်ရယူခြင်း ၃၈

၁၃ ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာ ခြင်း ၄၅

၁၄ ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်က မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ အကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်း ဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက် ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၄၆

၁၅ ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၅၄

၁၆ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၅၉
မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း
လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ
တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်
များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၆၃
တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်
ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၃-၅-၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသနှင့် မငြိမ်းချမ်းသောဒေသများသို့ ဝန်ထမ်းများစေလွှတ်သည့်အခါ ဆေးပင်စင်ယူခါနီးဝန်ထမ်းများနှင့် လုပ်သက်ပြည့်ပင်စင်ယူခါနီးဝန်ထမ်းများအား စေလွှတ်ခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ဖြင့်ဝန်ထမ်းများ စေလွှတ်ခြင်းတို့မှာ အစဉ်အလာတစ်ခုကဲ့သို့ဖြစ်နေခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဗိုလ်မှူးဇော်ဝင်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ်၏ **၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၆) "နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ" အရ တာဝန်ပေးအပ်ထားသည့် နိုင်ငံတကာမှ ကျွမ်းကျင်သူ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်တို့နှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာစွာ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့နယ်တွင် စက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၏ **တံတားဦးမြို့နယ်၊ မြေငူ အခြေခံပညာအထက်တန်းကျောင်းအား ၂၀၁၉ ခုနှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **ရေဦးမြို့ အ.ထ.က (၁) ကျောင်းဝင်းအတွင်းရှိ သင်ကြားရေးအဆောင်များဖြစ်သော ကဲ့ကော်ဆောင်နှင့် အင်ကြင်းဆောင်တို့မှာ ကျောင်းသားကျောင်းသူ ဦးရေ များပြားခြင်း၊ ကျောင်းဆောင်သက်တမ်းကာလ ကြာမြင့်ခြင်း တို့ကြောင့် ကျောင်းဆောင်အမိုးများ၊ ကြမ်းခင်းများ၊ လှေကားများ၊ အကာလက်ရန်းများ ခိုင်ခံ့မှုကိုစစ်ဆေးကာ နွေရာသီကျောင်းပိတ်ရက်များတွင် ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ဟွေဟိုးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် နားတစ်ကျေးရွာအုပ်စု၊ ပန်ဟူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် စာသင်ကျောင်းဆောင်အသစ် (၁)ဆောင် စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် ဘွဲ့ကြိုတန်း (ညနေသင်တန်း) များအား တာဝန်ယူဖွင့်လှစ်နိုင်သည့် တက္ကသိုလ်များရှိပါက ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်က **"ပေးအပ်သောဘွဲ့နှင့် လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့် ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့များကာ၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများ ပြုလုပ်၍ အဆင့်မြင့်ပညာ မြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်က **"မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက် ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော **"မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
## (၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၅၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၅၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၄ ရက်၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၄) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊

(၅) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၆) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၉) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၀) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊

(၁၁) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၁၂) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၃) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၁၄) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၁၅) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၆) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၁၇) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊

(၁၈) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၁၉) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၂၀) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၂၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၂၂) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၂၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၂၄) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၁ ရက်၊

(၂၅) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊

(၂၆) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်၊

(၂၇) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊

(၂၈) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၂၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၃၀) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၃၁) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၈ ရက်၊

(၃၂) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁ ရက်၊

(၃၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်နှင့်

(၃၄) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၄ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၇၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတိုက်တဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသနှင့် မငြိမ်းချမ်းသောဒေသများသို့ ဝန်ထမ်းများစေလွှတ်သည့်အခါ ဆေးပင်စင်ယူခါနီးဝန်ထမ်းများနှင့် လုပ်သက်ပြည့်ပင်စင်ယူခါနီး ဝန်ထမ်းများအား စေလွှတ်ခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ဖြင့်ဝန်ထမ်းများ စေလွှတ်ခြင်းတို့မှာ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်နေခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ယနေ့ကျင်းပတဲ့အစည်းအဝေးမှာ ကျွန်မအနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသနှင့် မငြိမ်းချမ်းသောတောင်ပေါ်ဒေသသို့ ဝန်ထမ်းများစေလွှတ်သည့်အခါ ဆေးပင်စင်ယူခါနီးဝန်ထမ်းများ၊ လုပ်သက်ပြည့်ပင်စင်ယူခါနီးဝန်ထမ်းများစေလွှတ်ခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ဖြင့် ဝန်ထမ်းများစေလွှတ်ခြင်းတို့မှာ အစဉ်အလာတစ်ခုကဲ့သို့ဖြစ်နေခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမယ့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးပဲ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအား မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်ပြီး လက်တွေ့ ကျွန်မတို့မြို့နယ်မှာ ရင်ဆိုင်နေရတဲ့အခက်အခဲအချို့ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး စတဲ့ အဖက်ဖက်မှနိမ့်ကျတဲ့ ကျွန်မတို့မန်တုံမြို့ အထက်တန်းကျောင်းမှာ ကျောင်းအုပ်ဆရာကြီးတစ်ဦး တာဝန်ကျခဲ့ပါတယ်။ သူဟာအမြဲတမ်း သောက်စားမူးပြီး အိပ်လေ့ရှိကာ လက်ရှိရာထူးရဲ့တာဝန်ကို ဘာမှမယူတဲ့အပြင် လက်အောက်ဝန်ထမ်းများက လိုအပ်ချက်များတင်ပြလာတဲ့အခါမျိုးတွင် အမြဲ ပြန်ပြောတဲ့စကားတစ်ခွန်းရှိပါတယ်။ အဲဒါကတော့ အလုပ်ဆိုတာ ရှာလုပ်ရင်ရှိတယ်၊ ရှာလုပ်တော့ ပင်ပန်းတယ်၊ အဲဒီတော့ အေးဆေးနေလို့ပြန်ပြောလေ့ရှိပါတယ်။ ဒီကျောင်းအုပ်မကောင်းလို့

ပြောင်းသွားတော့လည်း နောက်တစ်ယောက်ထပ်ရောက်လာတော့ ကောင်းတယ်လို့မထင်ပါနဲ့။ အလား သဏ္ဍာန်တူတဲ့ ကျောင်းအုပ်ပြန်ရောက်လာပါတယ်။ အဲဒီကျောင်းအုပ်ဆရာမကတော့ အလယ်တန်း ကျောင်းအုပ်ရာထူးနဲ့လုပ်သက်ပြည့်ပင်စင်ယူခါနီး ရာထူးတိုးနဲ့ရောက်လာတဲ့ကျောင်းအုပ်ဆရာမကြီး ပါ။ ယခင်ကျောင်းအုပ်ဆရာမကြီးတာဝန်ထမ်းဆောင်ခဲ့တဲ့ အလယ်တန်းကျောင်းဟာကျောင်းသား ၁၀၀ ကျော်သာရှိပြီး ရုတ်တရက်ကျောင်းသားဦးရေ ၁၆၀၀ ကျော်မှာရှိတဲ့ အထက်တန်းကျောင်းကို ပြောင်းလာတဲ့အခါမှာ အဓိကရင်ဆိုင်ရတဲ့ပြဿနာကတော့ စီမံခန့်ခွဲမှုပါပဲ။ ဆက်လက်ပြီး ကျန်းမာရေး ဌာနအကြောင်းလည်း အနည်းငယ်ပြောပါရစေ။ ကျွန်မတို့မြို့နယ်မှာ တာဝန်ကျခဲ့တဲ့ ဆရာဝန် တစ်ဦးရှိခဲ့ပါတယ်။ အမြဲသောက်စားမူးပြီး အိပ်နေပါတယ်။ ဆေးရုံမှာအရေးပေါ်လူနာရောက်လာလို့ သူအိပ်နေတယ်ဆိုရင် သူ့မိခင်က ဘာပြန်ပြောလဲဆိုတော့ သူ့သားအိပ်နေတယ်မနှိုးနဲ့တဲ့။ အိပ်ရေး ပျက်မှာစိုးလို့ ပြန်ပြောပါတယ်။ ၂၀၁၆-၂၀၁၇ နောက်ထပ်ဆရာဝန်အသစ် ထပ်ရောက်လာပါတယ်။ အချိန်ပြည့်ခရီးထွက်၊ ခွင့်ယူ၊ လစာထုတ်ရက်ပဲတွေ့ရလို့ ဆေးရုံလူနာတွေ ဆေးဝယ်သုံးရတဲ့အဆင့် ဖြစ်ပါတယ်။ မြို့နယ်စာရင်းစစ်ရုံးမှာဆိုလည်း ပြောင်းရွှေ့သွားတဲ့ဦးစီးမှာ တာဝန်ကျစဉ်ကတည်းက ကျန်းမာရေးမကောင်းလို့ အိမ်ထဲကနေအိမ်ပြင်မထွက်နိုင်၊ နောက်တစ်ယောက်ထပ်ရောက်လာပြန် တော့လည်း မြန်မာစကား အချင်းချင်းပြောတာကို နားမလည်ပါဘူး။ ဘာသာပြန်တစ်ယောက်ထားရပါ တယ်။ ဌာနတစ်ခုချင်း။ ထောက်ပြရင်အချိန်လောက်မှာမဟုတ်တဲ့အတွက် ဒီလောက်နဲ့ပဲ ရပ်ပါရစေ။

ဥက္ကဋ္ဌကြီးရှင့်။ ယခုရင်ဆိုင်နေရတဲ့အခက်အခဲမျိုးဟာ ကျွန်မမြို့နယ်တင်မကဘဲ ဝေးလံ ခေါင်ပါးတဲ့ဒေသနဲ့ မြို့နယ်ဖွံ့ဖြိုးမှုနောက်ကျတဲ့ တိုင်းရင်းသားဒေသတော်တော်များများတွေ့ရပြီး အစဉ်အလာတစ်ခုလိုဖြစ်နေပြီလို့ ခံယူကြရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) မှာ နိုင်ငံသူနိုင်ငံသားများ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများသည် တန်းတူညီမျှမှုရှိရမည်ဟု အကျယ် တဝင့် ဖော်ပြထားတာကို တွေ့ရပါတယ်။ ယခုလိုဖော်ပြထားပါလျက်နဲ့ ပြစ်ချက်ရှိသော၊ မကောင်း သောဝန်ထမ်းများအား ဒီလိုဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသမှာပို့ခြင်းဟာ ဥပဒေကိုမလိုက်နာရာ ရောက်ပါ တယ်။ ဝန်ထမ်းတွေဟာ ပြစ်ချက်ရှိပေမဲ့လည်း ကျွန်မတို့ဌာနေတိုင်းရင်းသားတွေမှာ အပြစ်မရှိပါဘူး။ နွံထဲရောက်နေတဲ့သူကို ပိုနစ်အောင်တွန်းပို့တယ်လို့ခံစားရပါတယ်။ အခုအချိန်ကစပြီး ဖွံ့ဖြိုးမှု နောက်ကျသောဒေသများအား အသုံးမဝင်သောဝန်ထမ်းများ ထပ်မံခန့်ထားခြင်းအား ထပ်မံမလုပ်ဖို့ ပြည်သူများရဲ့ကိုယ်စား တောင်းဆိုချင်ပါတယ်။ ဒီလိုအဖက်ဖက်မှ ညံ့ဖျင်းတဲ့ဝန်ထမ်းများအား ဖွံ့ဖြိုးတဲ့

ဒေသများမကြုံဆိုသကဲ့သို့ မဖွံ့ဖြိုးတဲ့ဒေသမှာလည်း မလိုလားပါဘူး။ မကြိုဆိုပါဘူး။ ကျွန်မတို့ ယနေ့ ရင်ဆိုင်နေရတဲ့ပြဿနာများဖြစ်သည့် ဝန်ထမ်းခန့်ထားရေးဆိုင်ရာအခက်အခဲတွေ၊ တာဝန်ချထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာပြဿနာများနှင့် စွမ်းအင်မြှင့်တင်ခြင်းဆိုင်ရာ အခက်အခဲများနှင့် ပတ်သက်ပြီး အမြန်ဆုံးအဖြေရှာဖြေရှင်းဖို့ အရေးတကြီးလိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆယ်စုနှစ်ပေါင်းများစွာ အစဉ်အလာတစ်ခုလိုဖြစ်နေတဲ့အရာတွေကို ပြုပြင်ပြောင်းလဲပေးရန်အတွက် နိုင်ငံတော်မှ တာဝန်အပ်နှင်းခြင်းခံရတဲ့ဌာနကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ပုဒ်ဟာဆိုလို့ရှိရင် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဆိုတဲ့ဆောင်ပုဒ်ပဲဖြစ်ပါတယ်။ အင်မတန်မှကောင်းတဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသမှာ ကောင်းတဲ့ဝန်ထမ်းမရောက်လာတဲ့အတွက် နိုင်ငံအတွက် ရင်လေးစရာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး တန်းတူဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တန်းတူညီမျှဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့အကြံပြုလိုတာကတော့ အမှန်တကယ်လုပ်သက်ပြည့်ပင်စင်ယူခါနီးဝန်ထမ်းများအား အမှန်တကယ်အရည်အချင်းပြည့်မီတာမျိုးမဟုတ်ဘဲနဲ့ အသက်ကြီးပြီးနားရတော့မယ့် ပင်စင်လည်းယူခါနီးပြီမို့ ရာထူးတိုးလည်းလျှောက်တာကိုခွင့်မပြုသင့်တော့ပါဘူး။ အဲလို အမှန်တကယ်အရည်အချင်းတွေမရှိဘဲ ရာထူးတိုးသွားတဲ့ဝန်ထမ်းတွေကို ရာထူးတိုးလျှောက်ထားတာကို လက်ခံတဲ့အခါ အစဉ်အလာအရ ဖွံ့ဖြိုးမှုမရှိတဲ့ဒေသကိုပဲပို့တာများပါတယ်။ အဲဒီတော့ ကျွန်မတို့အတွက် အင်မတန်နစ်နာပါတယ်။ နောက်ပြီး အမှန်တကယ်ပြစ်ချက်ရှိကြောင်းတွေ့ရှိတဲ့ဝန်ထမ်းများကိုလည်း တာဝန်မှရပ်စဲဖို့ အကြံပြုလိုပါတယ်။ ဘာလို့လဲဆိုတော့ အသုံးမကျတဲ့လူတွေခန့်ထားခြင်းဟာ နိုင်ငံတော်ဘဏ္ဍာကိုဖြုန်းတီးတာနဲ့အတူတူပါပဲ။ ထို့ကြောင့် သက်ဆိုင်ရာပြည်ထောင်စုရာထူးဝန်အနေဖြင့် မိမိတို့ချမှတ်ထားသောမူဝါဒများစွာ အားနည်းနေသေးသော။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစောဗယ်လင်တိုင်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးအဖွဲ့၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး၏ ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသနှင့် မငြိမ်းချမ်းသောဒေသများတွင် တာဝန်ကျသောဝန်ထမ်းများ စေလွှတ်သည့်အခါတွင် ဆေးပင်စင်ယူခါနီးဝန်ထမ်းများ၊ လုပ်သက်ပြည့်ပင်စင်ယူခါနီး ဝန်ထမ်းများ စေလွှတ်ခြင်းသော်လည်းကောင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ဖြင့်စေလွှတ်သည့်ဝန်ထမ်းများ စေလွှတ်ခြင်းမှာအစဉ်အလာတစ်ခုကဲ့သို့ ဖြစ်နေခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကိုမေးမြန်းလာတဲ့အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ တာဝန်ယူရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ သီးခြားဖြေကြားရန်မရှိကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ နေပြည်တော်တွင်သာ ရုံးတည်ရှိရေးအတွက် ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသနှင့် မငြိမ်းချမ်းတဲ့ဒေသများကို ရုံးခွဲများဖွင့်လှစ်ထားခြင်းမရှိတဲ့အတွက် တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများမရှိပါကြောင်း ဖြေကြားချက်ပေးပို့တာရှိပါတယ်။ ထို့အတူပဲ ပြည်ထဲရေးဝန်ကြီးဌာနမှ သက်ပြည့်အငြိမ်းစားယူရန် နီးစပ်တဲ့ အသက် ၅၇ နှစ်အထက်ရှိသူများနှင့် နာမကျန်းပင်စင်ယူခါနီးသူများကို အခြေချနေထိုင်လိုတဲ့ဒေသများသို့ ပြောင်းရွှေ့ပေးခြင်းဖြင့်လည်းကောင်း၊ အနေကြာကာလအတွင်း နှစ်နှစ်နှင့်အထက် သတ်မှတ်၍ အလှည့်ကျပြောင်းရွှေ့ခြင်းကို အခြေခံ၍လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ဒေသများနှင့် နယ်စပ်ဒေသများသို့ ဝန်ထမ်း၏ တာဝန်ထမ်းဆောင်နိုင်မှုနှင့် ဝန်ထမ်းလိုအပ်ချက်တို့ကိုအခြေခံ၍ ဒေသခံများကိုသာ ဦးစားပေးတာဝန်ချထားခြင်းတွေကို ဝန်ထမ်းရေးရာအဆုံးအဖြတ်၊ အစည်းအဝေးအဆုံးအဖြတ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြစ်ရှိသူဝန်ထမ်းများအား တပ်ဖွဲ့၏စည်းကမ်းဥပဒေနှင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများအရ အရေးယူဆောင်ရွက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသနှင့် မငြိမ်းချမ်းသောဒေသများ၊ နယ်စပ်ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားခြင်းမရှိဘဲ ကြပ်မတ်ကွပ်ကဲမှုပေးနိုင်တဲ့အရာရှိစီမံအုပ်ချုပ်ပြီး လက်အောက်သို့သာ ပြောင်းရွှေ့တာဝန်ချထားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

**မူကြမ်း**

ထို့အတူပဲ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးမှုနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသနှင့် မငြိမ်းချမ်းတဲ့ဒေသသို့ ဝန်ထမ်းများအားစေလွှတ်ရာတွင် အလှည့်ကျစနစ်ဖြင့်လည်းကောင်း၊ ဒေသခံ ဝန်ထမ်းများ၊ မိသားစုအခက်အခဲရှိတဲ့ဝန်ထမ်းများအား ဦးစားပေးပြောင်းရွှေ့တာဝန်ပေးခြင်းဖြင့် လည်းကောင်း၊ အနေကြာဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ပေးခြင်းနှင့် ဖွဲ့စည်းပုံလစ်လပ်မှု အခြေ အနေပေါ်မူတည်၍ ရာထူးတိုးဝန်ထမ်းများအား ပြောင်းရွှေ့နေရာချထားပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လုပ်သက်ပင်စင်ယူခါနီးဝန်ထမ်းများ၊ ဌာနပြစ်ချက်ဖြင့်ရှိတဲ့ ဝန်ထမ်းများကို စေလွှတ်ခြင်းမရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တွေမှာရှိတဲ့ စီမံခန့်ခွဲရေးအဆင့်ဝန်ထမ်းများအား ပြောင်းရွှေ့နေရာချထားခြင်းနှင့် ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ဒေသ၊ အသင့်အတင့်ကောင်းမွန်တဲ့ဒေသ၊ ခက်ခဲတဲ့ ဒေသဟူ၍ အုပ်စုသုံးစု သတ်မှတ်ပြီး ဒေသတစ်ခုတွင်သုံးနှစ်ခန့် ကာလကြာမြင့်ချိန်အတွင်း အုပ်စု တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့တာဝန်ချထားရေးမူကို ယေဘုယျအားဖြင့် သတ်မှတ်ဆောင်ရွက်ထား သော်လည်း အငြိမ်းစားယူပြီးသည့်အခါ အမိကနေထိုင်မည့်နေရာ ဌာနသို့ အငြိမ်းစားမယူမီ ပြောင်းရွှေ့တာဝန်ချထားပေးပါရန် တင်ပြလာမယ်ဆိုရင် အသက် ၅၇ နှစ်ပြည့်ပြီး လျှောက်ထားသည့် နေရာလစ်လပ်မှုရှိမယ်ဆိုရင် ဝန်ထမ်းရေးရာအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဦးစားပေးပြောင်းရွှေ့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးပင်စင်၊ လုပ်သက်ပြည့်ပင်စင်ယူခါနီး ဝန်ထမ်းများကို သီးခြား ရည်ရွယ်ချက်ဖြင့် ဝေးလံဒေသများသို့ စေလွှတ်ခြင်းမရှိပါကြောင်း၊ ပြစ်ဒဏ်ကြောင့်၊ အကြောင်းအမျိုး မျိုးကြောင့် လက်ရှိဒေသတွင် ဆက်လက်ထားရှိရန်မသင့်သော ဝန်ထမ်းများကို စီမံခန့်ခွဲနည်းလမ်း အရ ပြောင်းရွှေ့တာဝန်ချထားရာတွင်လည်းကောင်း၊ ယင်းတို့တာဝန်ထမ်းဆောင်ခဲ့တဲ့ဒေသမှ ပြောင်းရွှေ့တဲ့စက်ဝိုင်းနှင့်ညီတဲ့ဒေသများသို့သာ အများစုပြောင်းရွှေ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းကျူးလွန်သည့်ပြစ်မှုနှင့် ယင်းတာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေသများအလိုက် ယခင်အားသာခဲ့တဲ့ အခြေအနေအပေါ် မူတည်၍သာ ဝေးလံဒေသများတွင် တာဝန်ထမ်းဆောင်စေသင့်ပါက အလှည့်ကျ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းမျိုးရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာ ရှိပါတယ်။

ထို့အတူပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကတော့ ပြောင်းရွှေ့တဲ့မူဝါဒနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလ သတ်မှတ်တာဝန် ထမ်းဆောင်ပြီးပါက ကာယကံရှင်ဝန်ထမ်းဆန္ဒပြုသည့် လစ်လပ်နေရာသို့ပြောင်းရွှေ့ပေးခြင်း၊ လစ်လပ်နေရာမရှိပါက ယင်းဝန်ထမ်းဆန္ဒပြုသည့် ဦးစားပေးနေရာများသို့ အလိုက်သင့် သင့်လျော်မည့်အနီးဆုံးနေရာသို့ ပြောင်းရွှေ့ပေးခြင်းများကို ဝန်ကြီးဌာန ဝန်ထမ်းရေးရာစီမံခန့်ခွဲရေးကော်မတီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသနှင့် မငြိမ်းချမ်းတဲ့ဒေသများသို့ ဆေးပင်စင်ယူခါနီးဝန်ထမ်းများ၊ လုပ်သက်ပြည့်ပင်စင်ယူခါနီးဝန်ထမ်းများ စေလွှတ်ခြင်းမရှိပါကြောင်း၊ ပြစ်မှုပြစ်ဒဏ်နှင့် ဒေသပြောင်းရွှေ့ပေးရန် လိုအပ်ချက်ဖြစ်ပေါ်လာပါက ဝန်းထမ်း၏ ထမ်းဆောင်နိုင်မှုအပေါ်သုံးသပ်၍ သင့်လျော်သည့်ဒေသသို့ ပြောင်းရွှေ့ပေးခြင်းကို မူဝါဒနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ဒေသပြောင်းရွှေ့တာဝန်ချထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းများအား ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီဖြင့် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်းအားဆိုင်ရာအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်း ဝန်ထမ်းများ၊ ရာထူးတိုးမြှင့်ပြီး ပြောင်းရွှေ့ရသည့်ဝန်ထမ်းများနှင့် ဒေသခံဝန်ထမ်းများကိုသာ အများအားဖြင့် တာဝန်ချထားပေးလျက်ရှိပါကြောင်း၊ အလုပ်သမားရေးရာဆိုင်ရာ ဦးစီးဌာနများအနေနဲ့ မြို့ကြီးပြကြီးဒေသသုံးနှစ်၊ အလယ်အလတ်ဒေသနှစ်နှစ်၊ ဝေးလံခေါင်းပါးဒေသ နိုင်ငံတော်အစိုးရက သတ်မှတ်တဲ့ဒေသကို တစ်နှစ်သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပင်စင်ခံစားမည့် ဝန်ထမ်းများအား ဝေးလံဒေသများသို့ တာဝန်ချထားခြင်းမရှိပါကြောင်း၊ ဝန်ထမ်းဆိုင်ရာ စည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ခြင်းမပြုခြင်းတို့ကြောင့် အချို့သောဝန်ထမ်းများအား ဝေးလံဒေသများသို့ ပြောင်းရွှေ့ချထားခြင်းများရှိသော်လည်း အနည်းဆုံးနှစ်နှစ် တာဝန်ထမ်းဆောင်ပြီးပါက ၎င်းတို့ဆန္ဒပြုလျှောက်ထားရာဒေသသို့ လစ်လပ်အင်အားအပေါ်မူတည်၍ ဝန်ကြီးဌာနဝန်ထမ်းရေးရာစီမံခန့်ခွဲရေးကော်မတီဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နယ်စပ်ဒေသများရှိ ကုန်သွယ်ရေးစခန်းများတွင် နေရာချထားရာမှာ ရုံးချုပ်၊ ရန်ကုန်၊ မန္တလေးပို့/သွင်းရုံးများရှိ ဝန်ထမ်းများအား ယင်းတို့၏ နယ်စခန်းတာဝန်ထမ်းဆောင်ရန် ဆန္ဒသဘောထား၊ စခန်းများ၏ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ဝန်ထမ်းများ၏ ရာထူး၊ အဆင့်၊ လုပ်ရည်ကိုင်ရည်နှင့် လုပ်ငန်းလိုအပ်မှုအရ အဖွဲ့ဖြင့်စစ်ဆေး၍ ကျန်းမာရေးစစ်ဆေးစေပြီး ကျန်းမာရေးကောင်းမွန်သင့်လျော်မှသာ ခြောက်လတစ်ကြိမ် လဲလှယ်တာဝန်ပေးအပ်လျက်ရှိပါကြောင်း၊ နာမကျန်းပင်စင်၊ လုပ်သက်ပင်စင်၊ နှစ်ပြည့်ပင်စင်နှင့် ပင်စင်ခံစားခါနီးဝန်ထမ်းများအား နယ်စခန်းများ၏လုပ်ငန်းလိုအပ်ချက်ရှိမှသာ စေလွှတ်ခြင်းရှိပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ သီးခြားတာဝန်ပေးအပ်ပါက တစ်ဆင့်မြင့်ရာထူးတို၍ နိုင်ငံတော်မှသတ်မှတ်ပေးတဲ့ ဒေသစရိတ်ခံစားခွင့်ဖြင့် တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာ ရှိပါတယ်။

ထို့အတူပါပဲ ပညာရေးဝန်ကြီးဌာနမှလည်း ရာထူးတိုး/အပြောင်းအရွှေ့နေရာများကို ရာထူးအဆင့်အလိုက် စိစစ်ဆောင်ရွက်လျက်ရှိပြီး မူလတန်းပြရာထူးများကို မြို့နယ်ပညာရေးမှူးရုံးမှလည်းကောင်း၊ အလယ်တန်းပြရာထူးများကို ခရိုင်ပညာရေးမှူးရုံးမှလည်းကောင်း၊ အထက်တန်းပြရာထူးများကို တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှလည်းကောင်း၊ အလယ်တန်းကျောင်းအုပ်နှင့် အထက်တန်းကျောင်းအုပ်ရာထူးများကို အခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှလည်းကောင်း လုပ်သက် ရမှတ်တန်းစီဇယားဖြင့် ဆန္ဒပြုနေရာအပေါ် မူတည်၍ လစ်လပ်လျက်ရှိတဲ့နေရာများသို့ ပြောင်းရွှေ့ခန့်ထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ထမ်းများ ဆရာဆရာမများ၏ ဆေးပင်စင်ယူခြင်းနှင့် လုပ်သက်ပြည့်ပင်စင်ယူခြင်းတို့မှ ဌာန၏စီမံခန့်ခွဲမှုနှင့်မသက်ဆိုင်ဘဲ ကာယကံရှင်၏ဆန္ဒနှင့်သာ သက်ဆိုင်ပါကြောင်း ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးအား အရေးယူဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဥပဒေပါပြစ်မှုမျိုးဖြင့်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြစ်မှုပြစ်ဒဏ် ကိုးမျိုးတွင် ရာထူးတူဖြင့်ပြောင်းရွှေ့ခြင်းမှာ ပြစ်မှုပြစ်ဒဏ်မဟုတ်ဘဲ စီမံခန့်ခွဲမှုလိုအပ်ချက်အရ ပြောင်းရွှေ့ခန့်ထားခြင်းသာဖြစ်ပါကြောင်း ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသနှင့် မငြိမ်းချမ်းတဲ့ဒေသများတွင်သာ စေလွှတ်ခန့်ထားခြင်းမျိုးမဟုတ်ဘဲ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့ လစ်လပ်ရာထူးအပေါ် မူတည်၍

လည်းကောင်း၊ ဆန္ဒလျှောက်ထားမှုအရသော်လည်းကောင်း၊ ပညာရေးဝန်ထမ်းများအား စေလွှတ်ခန့်ထားခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှလည်း ဝန်ထမ်းများစေလွှတ်ရာတွင် ရုံးအကူမှ ဒုတိယဦးစီးမှူးအဆင့်ထိ အပြောင်းအရွှေ့ကိစ္စရပ်များအား သက်ဆိုင်ရာ ဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြ၍လည်းကောင်း၊ ဦးစီးဌာနအဆင့်နှင့်အထက် အထက်အရာရှိအဆင့်များ၊ အပြောင်းအရွှေ့ကိစ္စရပ်များအား သက်ဆိုင်ရာဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများခန့်ထားတဲ့နေရာမှာ ဒေသခံများကို ဦးစားပေးခန့်ထားလျက်ရှိကြောင်း၊ ကာယကံရှင်ဝန်ထမ်းများမှ ဆန္ဒပြုလျှောက်ထားလျှင် ရာထူးနေရာ လစ်လပ်မှုအပေါ် မူတည်၍ ခန့်အပ်တာဝန်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားချက် ပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့နေရာများသို့ လုပ်ရည်ကိုင်ရည်ရှိသူများ၊ စည်းကမ်းကောင်းမွန်သူများ၊ အသက်ငယ်ရွယ်သူများနှင့် တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးရန် အလားအလာရှိသူများကိုသာ ရွေးချယ်စေလွှတ်ပါကြောင်း ဖြေကြားချက်ပေးပို့လာပါတယ်။

ထို့အတူပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများစေလွှတ်ရာမှာ နယ်မြေဒေသအလိုက် သုံးနှစ်တာဝန်ထမ်းဆောင်ရမည့်မြို့များ၊ နှစ်နှစ်တာဝန်ထမ်းဆောင်ရမည့်မြို့များ၊ ရုံးတွင်းအမိန့်စာထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသနှင့် မငြိမ်းချမ်းတဲ့ဒေသများသို့ ဆေးပင်စင်ယူခါနီးဝန်ထမ်းများ၊ လုပ်သက်ပြည့်ပင်စင်ယူခါနီးဝန်ထမ်းများနှင့် ပြစ်ချက်ရှိတဲ့ ဝန်ထမ်းများကို ရွေးချယ်စေလွှတ်ခြင်းများမရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကိုတာဝန်ချထားရာတွင် ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးတန်းစီဇယားအရ အလှည့်ကျသူများကို လစ်လပ်ရာထူးများသို့ တာဝန်ချထားပေးခြင်း၊ ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသနှင့် နယ်မြေမအေးချမ်းတဲ့ဒေသများတွင် တာဝန်ကျတဲ့ဝန်ထမ်း

များ စေလွှတ်တဲ့အခါမှာလည်း အနည်းဆုံးနှစ်နှစ်သတ်မှတ်ပြီး နှစ်နှစ်ပြည့်၍ ပြောင်းရွှေ့လိုတဲ့ဝန်ထမ်းများ တင်ပြလာပါက ဦးစားပေးပြောင်းရွှေ့ပေးခြင်း၊ တာဝန်ကျရာနေရာ၌ပင် ဆက်လက်တာဝန်ထမ်းဆောင်လိုပါက နှစ်နှစ်မပြည့်မီပြန်လည်တင်ပြစေခြင်း၊ တာဝန်ကျရာဒေသတွင် နှစ်နှစ်မပြည့်သော်လည်း လူမှုရေးအခက်အခဲများရှိပါက ကျိုးကြောင်းဖော်ပြပြီးတင်ပြနိုင်၍ ဦးစားပေးပြောင်းရွှေ့လျက်ရှိပါကြောင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ရှိပါက ထိုသူများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများအရ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ကမူ ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသနှင့်မငြိမ်းချမ်းသောဒေသများကို ဆေးပင်စင်ယူခါနီးဝန်ထမ်းများ၊ လုပ်သက်ပြည့်ပင်စင်ယူခါနီးဝန်ထမ်းများ၊ ဌာန၏ပြစ်ချက်ရှိတဲ့ဝန်ထမ်းများကို ပြောင်းရွှေ့မှုမရှိပါကြောင်း၊ ဌာနဆိုင်ရာအရေးယူရသည့်ဝန်ထမ်းများရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေအရသာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဟုဖြေကြားချက်များပေးပို့လာတဲ့အတွက် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနဲ့ပေါင်းစပ်ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ မေးပါရစေရှင့်။ ခုနတုန်းက ပြည်ထောင်စုရာထူးဝန်ကဖြေသွားတာ အကုန်လုံးအကောင်းတွေပါပဲ။ ဒါပေမဲ့ လက်တွေ့မြေပြင်အခြေအနေမှာရင်ဆိုင်ရတာကကျွန်မမြို့နယ် ဥပမာတစ်ခုပဲတင်ပြတာ ဘာတစ်ခုမှမကောင်းပါဘူး။ ဒါတွေကို ဝန်ကြီးဌာနအဆင့်ဆင့်ကနေပြီးတော့ တင်ပြလာတဲ့သုံးသပ်ချက်တွေ၊ သူတို့ရဲ့မူဝါဒတွေပေါ်မှာဖြေကြားတာမျိုးပဲ တွေ့ရပါတယ်။ ဘာမှ အဖြေမပါပါဘူး။ ဝန်ကြီးဌာနဖြေကြားသွားတဲ့ထဲမှာ ကျွန်မလိုချင်တဲ့အဖြေ ဘာတစ်ခုမှမရပါဘူး။ ဒီထဲမှာ ကျွန်မမေးခွန်းထဲမှာပါပြီးသားပါ။ ဒီလို အစဉ်အလာတစ်ခုဖြစ်နေတဲ့အပေါ်မှာသက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာက ဒီမူဝါဒတွေချမှတ်ဖို့တာဝန်ရှိတဲ့ဝန်ကြီးဌာနအနေနဲ့

အပြောင်းအလဲတွေဘယ်လိုလုပ်မလဲ။ ခုနတုန်းက ကျွန်မမေးခွန်းမေးသွားတဲ့ထဲမှာ မိနစ်ပြည့်သွားလို့ ကျန်သွားတာပါပါတယ်။ အမှန်တကယ်ပြစ်ချက်ရှိကြောင်းတွေ့ရှိတဲ့ဝန်ထမ်းတွေကို တာဝန်မှရပ်စဲဖို့ အကြံပြုပါတယ်ဆိုတဲ့အဆက်မှာ ထို့ကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုရာထူးဝန်အနေဖြင့် မိမိတို့ဌာနကနေပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာဝန်ကြီးဌာနကနေပဲဖြစ်ဖြစ် ချမှတ်ထားတဲ့မူဝါဒတွေ များစွာအားနည်းနေသေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့အခုလက်ရှိ ဒီလိုပြဿနာတွေ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ကောင်းမွန်တဲ့နိုင်ငံကိုတည်ဆောက်နိုင်ဖို့ဆိုလို့ရှိရင် ပြည်တွင်းပြည်ပပညာရှင်နဲ့ပူးပေါင်းပြီး အဖြေရှာသင့်ပါတယ်။ အခုကျွန်မတို့ တကယ်ရင်ဆိုင်နေရတာပါ။ ခုနတုန်းက ဝန်ကြီးဖြေသွားတာက ဝန်ကြီးဌာနအသီးသီးကနေပြီးတော့ တင်ပြလာတဲ့ သူတို့ရဲ့မူဝါဒတွေဖြစ်ပါတယ်။ အမှန်တကယ် ပြဿနာကို ဘယ်လိုအဖြေရှာမလဲ။ ဘယ်လိုမူဝါဒတွေ အသုံးပြုပြီးမှ အမှန်တကယ်ရင်ဆိုင်နေရတဲ့ ဒီဒေသတွေအတွက် ဘယ်လိုမူဝါဒအသစ်တွေချမှတ်အဖြေရှာမလဲဆိုတဲ့အဖြေကို ကျွန်မလိုချင်တာဖြစ်ပါတယ်။ ဆက်လက်ဖြေကြားပေးပါလို့ တောင်းဆိုချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။ ဒီလိုဖြေကြားတဲ့နေရာမှာ အစောတုန်းက မေးခွန်းရှင်ကမေးမြန်းသလို ဌာနပြစ်ချက်များဖြင့် ဝန်ထမ်းများစေလွှတ်ရာမှာ အစဉ်အလာတစ်ခုကဲ့သို့ဖြစ်နေခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ဆိုတဲ့ဟာတွေကိုတော့ ရှင်းလင်းအောင်ဖြေကြားသွားဖို့ လိုပါလိမ့်မယ်။

**ဦးစောဗယ်လင်တိုင်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်စပ်မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်တို့ဌာနအနေနဲ့ကတော့ ဝန်ကြီးဌာနပေါင်းစုံကနေတစ်ဆင့် ရရှိတဲ့ဖြေကြားချက်ပေါ်မူတည်ပြီးတော့မှ ကျွန်တော်တို့ သုံးသပ်ဖြေကြားခြင်းဖြစ်ပါတယ်။ သို့သော်လည်း တူညီတာတစ်ခုရှိတာကတော့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အဲဒီအပေါ်ကိုမူတည်ပြီးတော့မှ ကျွန်တော်တို့ဆောင်ရွက်ကြရပါတယ်။ တကယ်လို့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနဲ့ဆောင်ရွက်ခြင်းမရှိဘူးဆိုလို့ရှိရင် သက်ဆိုင်ရာဌာနရဲ့စီမံခန့်ခွဲမှုအဖွဲ့ရဲ့တာဝန်သာဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး သက်ဆိုင်ရာဌာနကိုလည်း အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်တဲ့စီမံချက်လည်း ကျွန်တော်တို့ ရေးဆွဲထားတာရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က ဖြစ်ပါတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့မှ ဆက်လက်ဆောင်ရွက်

စရာများလည်း ဆောင်ရွက်နေတာရှိပါတယ်။ နောက်ပြီးတော့ အခုလည်း ပြည်သူတွေဆီကနေ ဝန်ထမ်း အပေါ်မှာ ဘယ်လိုအမြင်တွေရှိတယ်ဆိုတာလည်း လိုက်လံကောက်လျက်ရှိပါတယ်။ မေလအလယ် လောက်မှာပြီးတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်လက်ပြီး ညှိနှိုင်းဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းလည်း တင်ပြလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီမှာဖြည့်ပြီးအကြံပြုချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်း မေးမြန်းတဲ့နေရာမှာ သူတို့ဖြစ်ပျက်နေတဲ့အနေအထားလေးတွေကို အဖြစ်မှန်ပေါ်မှာအခြေခံပြီး မေးမြန်းထားတာဖြစ်ပါတယ်။ ဒီလိုမေးမြန်းတဲ့အပေါ်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ကတော့ မိမိတာဝန်ရှိတဲ့အပိုင်းကို ဖြေကြားရသလိုပဲ မိမိတာဝန်ခံတဲ့ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကိုလည်း ဒါတွေကိုတင်ပြပေးဖို့ လိုပါလိမ့်မယ်။ ဒါတွေကတော့ ဒီလိုလာဖြေရုံနဲ့ပြီးစတမ်းဆိုလို့ရှိရင် မိမိတို့ လွှတ်တော်မှာ အပြန်အလှန်ထိန်းကျောင်းရေးဆိုတဲ့ကဏ္ဍလည်း မှေးမှိန်သွားနိုင်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ လာရောက်ဖြေဆိုတဲ့နေရာမှာ ထိထိမိမိနဲ့ဖြစ်ပျက်နေတဲ့ အနေအထားလေးအမှန်တင်ပြဖို့ လိုပါလိမ့်မယ်။ ကျေးဇူးတင်ပါတယ်။

**၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆) နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအရ တာဝန်ပေးအပ်ထားသည့် နိုင်ငံတကာမှ ကျွမ်းကျင်သူ သို့မဟုတ် အကြံပေး ပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာစွာ သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင် ဖြစ်ပါ တယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေအရ ပြည်သူ့ဝန်ထမ်းအဖြစ် ခန့်အပ် ထားတဲ့ နိုင်ငံခြားသားများနှင့်စပ်လျဉ်းတဲ့ မေးခွန်းတစ်ရပ်ပါ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေမှာ ပြည်တွင်း/ပြည်ပချေးငွေများ ပါဝင်မှုရာခိုင်နှုန်းတစ်စနှင့်တစ်စမြင့်တက်လာမှု ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အစိုးရရဲ့ကြွေးမြီ ဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာအရ ပြည်တွင်း/ပြည်ပကြွေးမြီနှင့် GTP အချိုးကို ၄၀ ရာခိုင်နှုန်း

ထက်မကျော်လွန်စေရန် ထိန်းညှိဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်တွင်း/ပြည်ပကြွေးမြီနှင့် GTP အချိုးဟာ ၃၈.၄ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ ၃၁-၁၂-၂၀၁၈ ရက်နေ့အထိ စာရင်းများအရ ပြည်ပကြွေးမြီပမာဏမှာ အမေရိကန်ဒေါ်လာ ၉.၈၄၄ ဘီလီယံဖြစ်ပြီး GTP နှင့် ပြည်ပချေးငွေအချိုးက ၁၄.၃၈ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ လက်ရှိအစိုးရအနေနဲ့ နိုင်ငံတော်ရဲ့တာဝန်များကို စတင်တာဝန်ယူထမ်းဆောင်ချိန်မှာ ဘဏ္ဍာငွေ ခြွေတာနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများကိုပဲ ခန့်ထားခြင်းမပြုခဲ့ဘဲ နောက်ပိုင်းမှသာ လိုအပ်ချက်အရ ခန့်ထားခဲ့တာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကိုခြွေတာစေရန်အတွက် ရည်ရွယ်ပြီးတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီး ဒေါက်တာလှမိုးကနေပြီးတော့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးအတွက် အသုံးပြုရတဲ့ ချီးမြှင့်ငွေပမာဏများ လျှော့ချနိုင်ရန်အတွက် အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ ဒီအဆိုကို ကျွန်တော်ကိုယ်တိုင်ပါဝင်ဆွေးနွေးပြီးတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများကို ခြွေတာနိုင်ဖို့အတွက် ဒေါက်တာလှမိုးရဲ့အဆိုကိုလည်း ထောက်ခံခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ယခုအခါမှာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆)ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလိုပြင်ဆင်မှုကြောင့် ပုဒ်မ ၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ် ၄ နှင့် ၉ တို့အရ နိုင်ငံခြားသားများကိုလည်း ပြည်သူ့ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးနိုင်တဲ့အပြင် ပုဒ်မ ၇၄ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာဌာနအဖွဲ့အစည်းအရလည်း ပြည်သူ့ဝန်ထမ်းများရဲ့ ခံစားခွင့်ကြောင့် သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။

ဝန်ထမ်းလောကမှာ ပြည်သူ့ဝန်ထမ်းများကို တာဝန်ပေးအပ်ထားမှု၊ ခံစားခွင့်တွေပေးအပ်ထားမှုနှင့်စပ်လျဉ်းပြီးတော့ ကောလာဟလအမျိုးမျိုးပြောဆိုနေရကြောင်း ကြားသိရပါတယ်။ ပြည်သူလူထုအနေနဲ့ ပွင့်လင်းမြင်သာစွာ မှန်မှန်ကန်ကန်သိရှိနိုင်ရေးအတွက် အောက်ပါမေးခွန်းများကို မေးမြန်းသွားလိုပါတယ်။ နိုင်ငံတော်အချုပ်အခြာအာဏာမဏ္ဍိုင်ကြီး သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ဝန်ကြီးဌာနများမှာ အထောက်အကူရရှိစေရန်အလို့ငှာ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေပြုအမှတ်(၁၆) နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေအရ တာဝန်ပေးအပ်ထားတဲ့ နိုင်ငံတကာမှ

ကျွမ်းကျင်သူ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်စသည်တို့နှင့်စပ်လျဉ်းပြီးတော့ (က) ခန့်အပ်တာဝန်ပေးထားတဲ့ နိုင်ငံခြားသားပြည်သူ့ဝန်ထမ်းအရေအတွက်စုစုပေါင်း၊ (ခ) ယင်းဝန်ထမ်းများ၏ နိုင်ငံအလိုက် ဦးရေစာရင်း၊ (ဂ) အဆိုပါပုဂ္ဂိုလ်များအား ချီးမြှင့်ပေးနေရတဲ့ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေပမာဏစုစုပေါင်း အဲဒါကလည်း မြန်မာငွေသုံးကို နိုင်ငံခြားငွေနှင့် ပေးချေရတယ်ဆိုတာကို ရှင်းလင်းဖော်ပြပေးစေလိုပါတယ်။ (ဃ) လစာ၊ စရိတ်၊ ချီးမြှင့်ငွေအများဆုံးချီးမြှင့်ခံရသူရရှိတဲ့ ငွေပမာဏနှင့် အနည်းဆုံးချီးမြှင့်ခံရသူရရှိတဲ့ငွေပမာဏ၊ (င) နိုင်ငံခြားသားပြည်သူ့ဝန်ထမ်းများအား ခန့်အပ်တာဝန်ပေးထားတဲ့အတွက်ကြောင့် နိုင်ငံတော်ကရရှိတဲ့ အကျိုးကျေးဇူးများစသည်တို့ကို ပြည်သူလူထုအနေနဲ့ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန်အတွက် ဖြေကြားပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစောဗယ်လင်တိုင်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ထပ်မံ၍နှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်၏ နိုင်ငံတော်အချုပ်အခြာအာဏာမဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများမှာရှိတဲ့ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများတွင် အထောက်အကူရရှိစေရန်အလို့ငှာ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆) နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေအရ တာဝန်ပေးထားတဲ့ နိုင်ငံတကာမှကျွမ်းကျင်သူ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်တို့နှင့်စပ်လျဉ်းတဲ့အချက်အလက်တွေကို ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာစွာ သိရှိလိုတဲ့အတွက် အချက်(၅)ချက်ပါ ကြယ်ပွင့်ပြမေးခွန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး (သမ္မတရုံးဝန်ကြီးဌာန)၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမပါ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နိုင်ငံတော်ဗဟိုဘဏ်တို့နဲ့ပေါင်းစပ်ညှိနှိုင်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကနေပြီးတော့မှ တာဝန်ယူရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှမေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့မှ ပထမဦးဆုံး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက် ဦးစီးဌာနမှ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး အတွက် Management Plan ရေးဆွဲရာ နီပေါနိုင်ငံက ပြည်ပပညာရှင်တစ်ဦးနဲ့ Nomination Dossier ရေးသားရန် အိန္ဒိယနိုင်ငံသူ ပြည်ပပညာရှင်တစ်ဦး စုစုပေါင်း ပြည်ပပညာရှင်နှစ်ဦးက ၂၀၁၈ ခုနှစ် ဇွန်လကနေပြီးတော့မှ ၂၀၁၉ ခုနှစ် ဇွန်လအထိ တစ်နှစ်ငှားရမ်းပြီး နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၆၃၇၀ နဲ့ညီမျှတဲ့ မြန်မာကျပ်ငွေဖြင့် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ပြည်ပပညာရှင်အားငှားရမ်းခြင်းအားဖြင့် ဒေသတွင်းမြေအသုံးချမှု၊ အခြေချနေထိုင်မှုများကြီးထွား လာမှု၊ အခြေခံအဆောက်အဦများအား သုတေသနပြုနိုင်ခြင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်း နိုင်ရေး လိုအပ်တဲ့နယ်နိမိတ်၊ ဇရိယာစံနှုန်းတို့နဲ့ပတ်သက်တဲ့အထောက်အထား၊ မြေပုံရေးဆွဲနိုင်ခြင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအစဉ်အလာ၊ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအစဉ်အလာ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအစဉ်အလာများအား သုတေသနပြုနိုင်ခြင်း၊ ဒေသဆိုင်ရာစီမံကိန်း ရေးဆွဲရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် မဟာဗျူဟာများကို တည်ဆောက်နိုင်ခြင်း၊ ကမ္ဘာ့ အမွေအနှစ်စာရင်းတင်သွင်းရန်အတွက် လိုအပ်တဲ့ Outstanding Universal Value သတ်မှတ်ရန် ဆောင်ရွက်နိုင်ခြင်း၊ သတ်မှတ်စံနှုန်းများအပေါ်မူတည်၍ အဆိုပြုစာတွဲများရေးသားပြုစုနိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ပတ်ဝန်းကျင်ထိခိုက်စေနိုင်တဲ့ အထောက်အထားများကို လေ့လာနိုင်ခြင်း၊ ဖော်ထုတ်နိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်မယ့်အစီအစဉ်များ ဆောင်ရွက်မှုများကို ရေရှည်ထိန်းသိမ်းကာကွယ်နိုင်မယ့်အစီအစဉ်များ ဆောင်ရွက်မှုများကို လေ့လာ ဖော်ထုတ်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အဖြစ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲဦးစီးဌာနမှာ Sanyu Consultants Inc; Korea Rural Community Corporation, Nippon Koei Co,Ltd , Mekong Economics Hong Co,Ltd စတဲ့ အဖွဲ့အစည်းလေးခုရှိပြီးတော့ ဆည်မြောင်းတွေ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တစ်ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှာ ၂၈ ဦး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ငါးဦး၊ မွေးမြူရေးနှင့်ကျေးလက် ကဏ္ဍအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှာ ငါးဦး၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှာ တစ်ဦး၊

ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ငါးဦး စုစုပေါင်း ၄၅ ဦးရှိပါကြောင်း နိုင်ငံအလိုက် အနေနဲ့ ရိုမေးနီးယားနိုင်ငံမှ တစ်ဦး၊ ဂျပန်နိုင်ငံမှ ခြောက်ဦး၊ ကိုရီးယားနိုင်ငံမှ ငါးဦး၊ အိန္ဒိယနိုင်ငံမှ သုံးဦး၊ ဂျာမနီနိုင်ငံမှ ငါးဦး၊ နယ်သာလန်နိုင်ငံမှ ရှစ်ဦး၊ ဩစတြေးလျနိုင်ငံမှ နှစ်ဦး၊ ဘယ်လဂျီယံနိုင်ငံမှ တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ တစ်ဦး၊ ဗြိတိန်နိုင်ငံမှ နှစ်ဦး၊ နီပေါနိုင်ငံမှ တစ်ဦး၊ အမေရိကန်နိုင်ငံမှ နှစ်ဦး၊ သီရိလင်္ကာနိုင်ငံမှ တစ်ဦး၊ ပြင်သစ်နိုင်ငံမှ ခြောက်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ဦးတို့ဖြစ်ပါကြောင်း၊ အဆိုပါ ပုဂ္ဂိုလ် ၄၅ ဦးအား ချီးမြှင့်ပေးနေရတဲ့လစာ/စရိတ်နဲ့ ချီးမြှင့်ငွေစုစုပေါင်းပမာဏက စီမံကိန်း ဆောင်ရွက်တဲ့ကာလအတွင်း အမေရိကန်ဒေါ်လာ ၆.၀၅၉ သန်း၊ ယူရို ၀.၄၄၇ သန်း၊ ဩစတေးလျ ဒေါ်လာ ၀.၀၀၃ သန်း၊ ဂျပန်ယန်း ၅၁၂.၃၄၈ သန်းဖြစ်ပါကြောင်း၊ လစာ/စရိတ်ချီးမြှင့်ငွေအများဆုံး ပမာဏနဲ့ အနည်းဆုံးချီးမြှင့်ခံရသူရရှိသည့်ပမာဏစပ်လျဉ်း၍ လစာ/စရိတ်ချီးမြှင့်ငွေများမှာ စီမံကိန်း ဆောင်ရွက်မယ့်ကာလအလိုက် ပေးချေရခြင်းဖြစ်တဲ့အတွက် အချို့အထောက်အပံ့စီမံကိန်းများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ လစာ/စရိတ်များပေးချေခြင်း၊ Volunteer Staff အဖြစ် ဆောင်ရွက် ခြင်း၊ မြန်မာနိုင်ငံအနေဖြင့် ရန်ပုံငွေ၊ လစာ/စရိတ်နဲ့ ချီးမြှင့်ငွေကျခံမှုမရှိခြင်း၊ သက်ဆိုင်ရာအဖွဲ့ အစည်းများမှ လစာ/စရိတ်နဲ့ချီးမြှင်ငွေစာရင်းများအားလည်း မသိရှိနိုင်ခြင်းများလည်းရှိပါကြောင်း၊ နိုင်ငံခြားသားပြည်သူ့ဝန်ထမ်းများအား ခန့်အပ်တာဝန်ပေးထားသည့်အတွက် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဒီဇိုင်းရေးဆွဲခြင်းမှသည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အထိ လုပ်ငန်းစဉ်များတွင် နိုင်ငံတကာမှနည်းပညာဗဟုသုတများရရှိစေခြင်း၊ စီမံကိန်းလုပ်ငန်းများကို ချေးငွေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ လွယ်ကူသွက်လက်စွာပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် စာချုပ်ပါသင်တန်းကာလအတွင်း အချိန်မီပြီးစီးနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းလုပ်ငန်းများ၏အကျိုးရလဒ်များကို ပြည်သူများဆောလျင်စွာ ရရှိခံစား နိုင်စေပြီး နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေခြင်း၊ လုပ်ငန်းများသွက်လက် လာပြီးတော့ ပူးပေါင်းဆောင်ရွက်နိုင်မှုတိုးမြှင်စေခြင်း၊ တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုး မွေးမြူသည့်နည်းပညာများ ဖြန့်ဝေစေနိုင်ခြင်း၊ အသက်မွေးဝမ်းကျောင်းမှုတိုးတက်လာစေခြင်း၊ ဝန်ထမ်းများအနေနဲ့လည်း သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်မှုမြင့်မားလာခြင်း၊ စွမ်းဆောင်မှု အရည်အသွေးတိုးတက်လာခြင်းစတဲ့ အကျိုးကျေးဇူးများရရှိပါကြောင်း ဖြေကြားချက်ပေးပို့လာတာ ရှိပါတယ်။

ထို့အတူပဲ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း ကုန်သွယ်ရေးဦးစီးဌာနမှာ ပြည်ပအကူအညီရငွေ EIF Tier1 Project အတွက် နိုင်ငံခြားသားကျွမ်းကျင်ပညာရှင် ပြင်သစ်လူမျိုးတစ်ဦးအား စာချုပ်ဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ၄၆ ရက်အတွက် ဉာဏ်ပူဇော်ခ တစ်ရက်လျှင် USD ၇၅၀ နှုန်း၊ မြန်မာနိုင်ငံတွင်လာရောက်နေထိုင်၍ အလုပ်လုပ်သည့်နေ့အတွက် နေ့တွက်စရိတ်(ဟိုတယ်ခ၊ စားသောက်စရိတ်နှင့် သယ်ယူပို့ဆောင်စရိတ် အပါအဝင်) တစ်ရက်လျှင် USD ၁၅၀ နှုန်းနဲ့ညီမျှတဲ့ကျပ်ငွေကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအတွက် အကူအညီပေးတဲ့ Enhanced Integrated Framework(EIF) ရန်ပုံငွေမှကျခံသုံးစွဲလျက်ရှိပါကြောင်း၊ အဆိုပါ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များနှင့်အတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စီမံကိန်းဆိုင်ရာနိုင်ငံတကာအတွေ့အကြုံသစ်များရရှိခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနဲ့ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ လိုအပ်တဲ့အကြံပြုချက်များ၊ ဆွေးနွေးချက်များရရှိနိုင်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်တဲ့နေရာမှာလည်း မိမိနိုင်ငံသားများနဲ့ပူးပေါင်းဆောင်ရွက်ရသည့်အတွက် ပိုမိုကောင်းမွန်တဲ့ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးနိုင်မယ့်အကျိုးကျေးဇူးများရရှိပါကြောင်း ဖြေကြားချက်ညှိနှိုင်းပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနမှလည်း အားကစားနဲ့ကာယပညာဦးစီးဌာနတွင် လက်ရှိအားကစားနည်း ၁၁ နည်းအတွက် နိုင်ငံခြားသားအားကစားနည်းပြ ၁၈ ဦးကိုခန့်ထားပြီး အားကစားနဲ့ကာယပညာဦးစီးဌာနရဲ့ ရသုံးမှန်းခြေငွေစာရင်း(သာမန်အသုံးစရိတ်)ဖြင့် နိုင်ငံခြားသားအတိုင်ပင်ခံစရိတ်မှ (တစ်လ ဒေါ်လာ ၂၀၀၀ အပါအဝင် နေထိုင်စားသောက်စရိတ်နဲ့ တစ်လ ကျပ်နှစ်သိန်းနဲ့ လေယာဉ်အသွားအပြန်စရိတ်)ကျခံသုံးစွဲပြီး နိုင်ငံတော်မှသတ်မှတ်ထားတဲ့ ဒေါ်လာ ၂၀၀၀ နှုန်းထက်ကျော်လွန်တဲ့ကုန်ကျစရိတ်များကို သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှကျခံပါကြောင်း၊ အဆိုပါနည်းပြ ၁၈ ဦးအနက် Japan International Cooperation Agency (JICA)မှ နည်းပြဆရာ ခုနစ်ဦး၊ Korea International Cooperation Agency (KOICA)မှ နည်းပြဆရာ သုံးဦး စုစုပေါင်း ၁၀ ဦးတို့ရဲ့ကုန်ကျစရိတ်ကို JICA နဲ့ KOICA အစီအစဉ်ဖြင့်ကျခံသုံးစွဲပါကြောင်း၊ နိုင်ငံခြားသားနည်းပြဆရာများအား ငှားရမ်းတာဝန်ပေးအပ်တဲ့အတွက် သက်ဆိုင်ရာအားကစားနည်းအလိုက် အခြေခံနည်းစနစ်များ၊ ဥပဒေများပိုမိုနားလည်စေပြီး နိုင်ငံတကာနဲ့အညီလိုက်ပါဆောင်ရွက်

နိုင်စေရန်နဲ့ မြန်မာ့လက်ရွေးစင်အားကစားသမားများအား နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိစေမယ့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားချက်ပေးပို့လာတာ ရှိပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကနေလည်း မြန်မာ့စီးပွားရေးဘဏ်မှာ ဂျပန်နိုင်ငံသား ငါးဦးအား JICA(ODA)ချေးငွေအကူအညီအောက်မှာ အကြံပေးငွေ့ားရမ်းခ ဂျပန်ယန်း ၁၇၆ သန်းဖြင့်လည်းကောင်း၊ အမေရိကန်နိုင်ငံသားတစ်ဦး၊ ဗြိတိန်နိုင်ငံသား တစ်ဦးနဲ့ မြန်မာနိုင်ငံသား နှစ်ဦးတို့အား ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းအောက်မှာ အမေရိကန်ဒေါ်လာ ၈၉၄၇၄၀ လည်းကောင်း ငှားရမ်းခန့်ထားပါကြောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် The World Bank and MDTF တို့၏အကူအညီဖြင့် ပစ္စည်းဝယ်ယူမှုဆိုင်ရာအကြံပေးတစ်ဦးအား ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းအောက်မှာ USD ၃၁၉၆၀၀ ဖြင့် ငှားရမ်းခန့်အပ်ဆောင်ရွက်ခဲ့ကြောင်း၊ အကောက်ခွန်တွင်လည်း ၂၀၁၇ ခုနှစ်မှစ၍ ဂျပန်နိုင်ငံ JICA ၏ကူညီထောက်ပံ့မှုနဲ့ ဂျပန်နိုင်ငံသားသုံးဦးကို JICA ထောက်ပံ့ငွေဖြင့် တစ်ဦးလျှင် USD ၆၈၀၀ မှ ၉၀၀၀ ဖြင့်ငှားရမ်းခန့်ထားဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနမှာ နယူးဇီလန်နိုင်ငံသားတစ်ဦး၊ ဩစတေးလျနိုင်ငံသားနှစ်ဦး၊ တောင်အာဖရိကနိုင်ငံသားတစ်ဦး စုစုပေါင်း ကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ်လေးဦးကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လစာစရိတ်ချီးမြှင့်ငွေစုစုပေါင်း USD ၇၁၁၅၄၅ ဖြင့် ငှားရမ်းခဲ့ကြောင်း အများဆုံးရရှိတဲ့ပမာဏအနေပေါ့။ ခုနကတင်ပြတဲ့ကာလပေါ့။ USD ၂၄၇၃၁၄ ဖြစ်ပြီး အနည်းဆုံးရရှိနဲ့ပမာဏမှာ USD ၂၂၀၁၀၂ ဖြစ်ပါကြောင်း ငွေကြေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်ခြောက်ဦးကို ခန့်ထားပြီး သုံးဦးကို JICA မှစရိတ်ကျခံ၍လည်းကောင်း၊ တစ်ဦးကို Livelihood and Food Security Trust Fund စရိတ်ဖြင့်လည်းကောင်း၊ နှစ်ဦးကို The World Band အကူအညီဖြင့်လည်းကောင်း ခန့်ထားပါကြောင်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှာ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် စျေးကွက်စုံစမ်းထောက်လှမ်းရေး ခိုင်မာအားကောင်းလာစေရန်အတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ ထောက်ပံ့မှုဖြင့် အကြံပေးတစ်ဦးခန့်ထားကြောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ ပြင်ပပညာရှင်တစ်ဦးခန့်ထားပြီး လစာစရိတ်ချီးမြှင့်ငွေများကို နိုင်ငံတော်မှကျခံသုံးစွဲခြင်းမရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကျခံသုံးစွဲပါကြောင်း၊ အဆိုပါနိုင်ငံခြားသား ပြည်သူ့ဝန်ထမ်းများအား ခန့်အပ်

တာဝန်ပေးအပ်ထားတဲ့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(Reform)များကို နယ်ပယ်အသီးသီး တွင်ဆောင်ရွက်လျက်ရှိရာ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ နိုင်ငံတကာအတွေ့အကြုံ စသည်အခြေခံ၍ မူဝါဒဆိုင်ရာ အကြံပြုချက်များရရှိနိုင်ခြင်း၊ နည်းပညာဆိုင်ရာအကြံပြုချက်များရရှိနိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်တွင်းပြည်ပ သင်တန်းများပြုလုပ်နိုင်ခြင်း၊ လေ့လာရေးအစီအစဉ်များ ဆောင်ရွက်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိပါကြောင်း ဖြေကြားချက်များပေးပို့လာတာရှိပါတယ်။

ထို့အတူပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့မှ လမ်းဦးစီးဌာနမှာ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံတကာကျွမ်းကျင်သူ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်များခန့်ထားတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာကန်ထရိုက် စည်းမျဉ်းစည်းကမ်းများနှင့် အညီ တင်ဒါခေါ်ယူပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်ကာ အောင်မြင်ထားတဲ့စီမံကိန်းအကြံပေးအဖွဲ့များကို စီမံကိန်းကာလအတိုင်း စာချုပ်ချုပ်ဆို၍ ခန့်အပ်ထားရှိပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ဆက်လက်ခန့်ထားခြင်းမရှိတော့ပါကြောင်းနှင့် နိုင်ငံတကာမှကျွမ်းကျင်သူ သို့မဟုတ် အကြံပေးပုဂ္ဂိုလ် များ ဆက်လက်တာဝန်ပေးထားခြင်းမရှိပါကြောင်း ဖြေကြားချက်ပေးပို့လာပါတယ်။ ထို့အတူပဲ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကနေပြီးတော့ နော်ဝေနိုင်ငံက စာရင်းစစ်ချုပ်ရုံးတို့အကြား အဖွဲ့ အစည်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီးတော့မှ ငါးနှစ်သက်တမ်းရှိတဲ့ နားလည် မှုစာချွန်လွှာကို ၃-၁၀-၂၀၁၆ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီးကြောင်း နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မယ့်နယ်ပယ်များတွင် ရည်မှန်းချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင် ရန် နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးမှာ ကျွမ်းကျင်ပညာရှင်တစ်ဦးကို ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့မှာစပြီး ခန့်အပ်ပေးပြီးတော့မှ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ လစာမှာတစ်လလျှင် အမေရိကန်ဒေါ်လာ ၁၀၃၆၆ ဖြစ်၍ အဆိုပါလစာကို နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးမှာ ပေးချေခြင်း ဖြစ်ကြောင်း နိုင်ငံခြားသားပညာရှင်ခန့်အပ်ခြင်းအားဖြင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး အတွက် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုကဏ္ဍများဆိုင်ရာစာရင်းစစ်ဆေးခြင်းနှင့် ဆက်စပ်နယ်ပယ်များတွင် အတွေ့အကြုံများမျှဝေပေးခြင်း၊ ကာလတိုမစ်ရှင်များတွင် ထိရောက်စွာ အကူအညီပေးခြင်း၊ အခြားအပြည်ပြည်ဆိုင်ရာစစ်ဆေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတင်းအချက် အလက်များ မျှဝေပေးခြင်း၊ ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင်စွာ

ဆောင်ရွက်ပေးနိုင်ခြင်းနှင့် အခြားသောဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကို ထိရောက်စွာအသုံးချနိုင် ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း စတဲ့အကျိုးကျေးဇူးများ ရရှိပါကြောင်း ဖြေကြားညှိနှိုင်းလာတာရှိပါ တယ်။

ဆက်လက်ပြီးတော့မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှု ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်ခရီးသွားလာရေးဝန်ကြီး ဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ နိုင်ငံတကာကျွမ်းကျင်သူ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုနိုင်ပါရန် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်။ ပထမဦးဆုံးတော့ ကျွန်တော့်မေးခွန်းကို အသေးစိတ်ရှင်းလင်းဖြေကြားပေးသွားတဲ့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်အား ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ အဲဒီတော့ ခုနက ဖြေသွားတဲ့အထဲမှာ ကျွန်တော်တို့ကြည့်လိုက်တဲ့အခါကျတော့ လစာတွေပေးရတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်ကနေပြီး တော့ ကျခံပေးရတဲ့ ဌာနအဖွဲ့အစည်းများလည်းရှိပါတယ်။ နိုင်ငံတော်ကနေပြီးတော့ ကျခံမှုတွေနဲ့ အလှူရှင်နိုင်ငံ၊ ပြင်ပကူညီတဲ့အဖွဲ့အစည်းများကနေပြီးတော့ ကျခံပေးထားရတာတွေလည်း ရှိပါတယ်။ ဥပမာ ကျွန်တော်တို့ နိုင်ငံတော်ကကျခံပေးထားတယ်ဆိုတာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန က ခန့်ထားတဲ့ပညာရှင်တို့နဲ့ နိုင်ငံတော်ကကျခံပေးတာမျိုး ပြည်တွင်းအခွန်မှာ ပညာရှင်တွေကို ကျခံပေးတာမျိုးရှိပါတယ်။ အဲဒီတော့ ကျွန်တော် ဒီမှာမီသလောက်သွားကြည့်တဲ့အခါကျတော့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပင်စင်တစ်ဦးကို လစာ တစ်လ ၄၅ သိန်းလောက်ပေးရ ပါတယ်။ မြန်မာငွေနဲ့။

အဲဒီတော့ Hight Salary ပေါ့။ ဒီလိုမြင့်သွားတဲ့ လစာကိုပေးထားတဲ့အခါကျတော့ ကျွန်တော်တို့ ဦးစီးဌာနတစ်ခုက ညွှန်ကြားရေးမှူးချုပ်တွေကော လစာ ၅၅၀၀၀၀ ပဲရတယ်။ သို့သော် သူ့မှာ တာဝန်ခံမှု၊ တာဝန်ယူအပြည့်အဝနှင့် သူအလုပ်လုပ်ရတယ်။ အဲဒီတော့ ကျွန်တော် ဆက်စပ်ပြီးတော့မေးမြန်းချင်တာက အခုလိုမြင့်မားတဲ့ လစာတွေပေးထားတဲ့ ပညာရှင်၊ ကျွမ်းကျင်ပုဂ္ဂိုလ်ဆိုတဲ့ ပုဂ္ဂိုလ်တွေသည် မည်ကဲ့သို့သော သူတို့လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်ပြီးတော့ မည်ကဲ့သို့သော် တာဝန်ယူ၊ တာဝန်ခံမှုမျိုး ကျွန်တော်တို့နိုင်ငံပေါ်မှာရှိပါသလဲဆိုတာ မေးမြန်းလိုပါတယ်။ နောက်ပြီးတဲ့အခါ သူတို့တွေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုဖောက်ဖျက်တာမျိုးရှိခဲ့ရင် သို့မဟုတ်လို့ရှိရင်လည်း လုပ်ငန်းတာဝန်မကျေပွန်တာမျိုးရှိခဲ့လို့ရှိရင် ဒါကျွန်တော်တို့ဆီက Action ယူနိုင်မယ့် ဥပဒေ၊ နည်းဥပဒေ Red regulation လုပ်ထုံးလုပ်နည်းတွေများရှိပါသလားလို့ ဆက်စပ်ပြီးတော့ မေးမြန်းချင်ပါတယ်။ အဲဒီလိုမေးတဲ့အခါမှာလည်း လက်ရှိချက်ခြင်းဖြေနိုင်ပါက ချက်ခြင်းဖြေလို့ရတဲ့ဟာကို ဖြေပေးပြီးတော့ ချက်ခြင်းဖြေလို့မရဘူးဆိုရင်လည်း နောက်မှပဲ ပြန်လည်မေးမြန်းပြီးတော့ ကျွန်တော့်ကို စာနဲ့ပြန်ဖြေပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးစောဗယ်လင်တိုင်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ဒီအကြံပေးပုဂ္ဂိုလ်နှင့် ကျွမ်းကျင်သူများခန့်အပ်တဲ့နေရာမှာ ခုန ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ နိုင်ငံတော် ပိုင်ဆိုင်တဲ့ငွေနဲ့ခန့်အပ်တာရှိသလို၊ ထောက်ပံ့ပေးတဲ့အဖွဲ့အစည်းကနေ ခန့်အပ်တာရှိပါတယ်။ ဒီလိုခန့်အပ်တဲ့နေရာမှာတော့ အထူးသဖြင့်ပေါ့လေ။ ကျွန်တော်တို့ နိုင်ငံတော်ကနေခန့်အပ်တဲ့ ကျွမ်းကျင်သူနှင့် အကြံပေးများအတွက်ကိုတော့ ကျွန်တော်တို့အနေနဲ့ပေါ့လေ ခုနကတော့ ဥပမာ ကိုယ်စားလှယ်တော်ကြီးမေးတဲ့ ဒီသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကတော့ ကျွန်တော် ခုန တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဘာတွေအကျိုးကျေးဇူးရလဲဆိုတာလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒါကတော့ ပြန်ပြီးပြောပြရင်ပေါ့လေ။ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှာ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဖြစ်ဒေသ ကမ္ဘာ့အမွေအနှစ်တင်သွင်းနိုင်ရေးအတွက် Management Plan ရေးဆွဲရန် နီပေါနိုင်ငံသားပညာရှင်တစ်ဦးနှင့် Nomination Dossier ရေးသားရန် အိန္ဒိယနိုင်ငံသူအဖြစ် ပြည်ပပညာရှင်တစ်ဦး စုစုပေါင်း ပညာရှင်နှစ်ဦးခန့်တာ ရှိပါတယ်။ ကာလကတော့ ၂၀၁၈ ခုနှစ် ဇွန်လကနေပြီးတော့ ၂၀၁၉ ခုနှစ် ဇွန်လအထိဖြစ်ပါတယ်။ ဒါကတော့

ကျွန်တော်တို့ နိုင်ငံတော်ဘဏ္ဍာငွေကို အသုံးချထားတာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ တော့ တစ်ဦးကို အမေရိကန်ဒေါ်လာ ၃၆၃၇၀ နဲ့ညီမျှတဲ့ကျပ်ငွေ ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ အကျိုး ကျေးဇူးတွေကတော့ ခုန ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အကျယ်တဝင့်တော့ မတင်ပြတော့ပါဘူး။ ဒီထက်မက စုံစုံလင်လင်သိလိုမယ်ဆိုရင်တော့ ကျွန်တော် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ပြန်ပြီးတော့မှ ပေးပို့ပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒီလိုနေရာမှာ မေးခွန်းရှင်မေးမြန်းတာ တာဝန်ခံမှု၊ တာဝန်ယူမှု ဘယ်လောက်ရှိတယ်ဆိုတဲ့အပိုင်းတွေကို ပြည့်ပြည့်စုံစုံဖော်ပြဖို့ဖြစ်ပါတယ်။ အခုလို အသေးစိတ် ဝန်ကြီးအနေနဲ့ အသေးစိတ်တင်ပြလာတဲ့အတွက် လွှတ်တော်အနေနဲ့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မေးခွန်းမေးမြန်းခြင်းဆိုတဲ့အရာမှာ အချိန်အကန့်အသတ်ဖြင့် ဆောင်ရွက် တာဖြစ်လို့ နောင်ကျရင် Power Point တွေနဲ့ ဦးစီးဌာနနှင့်တင်ပြမှသာလျှင် အချိန်ကုန်သက်သာမှာ ဖြစ်တယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ဖြေကြားတဲ့အချိန်မှာ ပြည့်ပြည့်စုံစုံပိုဖြေကြားမှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒလမြို့နယ်တွင် စက်မှုလက်မှုအထက်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒေါက်တာစိန်မြအေး ဒလမဲဆန္ဒနယ်မြေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မဲဆန္ဒရှင်များကိုယ်စား ဒလမြို့နယ်မှာ စက်မှု လက်မှုအထက်တန်းကျောင်းဖွင့်လှစ်ပေးပါရန် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင်ဖွင့်လှစ် ပေးမည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒလ မြို့နယ်ဟာ ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာ ၂၃ အုပ်စု စုစုပေါင်း ၄၇ အုပ်စုမှာ လူဦးရေ ၁၆၀၀၀၀ ကျော်ရှိပြီး အိမ်ခြေအားဖြင့် ၃၀၀၀၀ ကျော်၊ အိမ်ထောင်စု ၃၆၀၀၀ ခန့် မှီတင်းနေထိုင်လျက်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ အလုပ်လုပ်နိုင်သူဦးရေ ၈၅၀၀၀ ခန့်ရှိပြီး အလုပ်လက်မဲ့ဦးရေကတော့ ၂၀၀၀၀ ခန့်ရှိကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၁၂.၉ ရာခိုင်နှုန်းရှိကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများမှ သိရှိရပါတယ်။ စက်မှုလက်မှုအထက်တန်းကျောင်းသာ ဒလမြို့နယ်မှာပေါ်ပေါက်မယ်

ဆိုရင် ဖြစ်ပေါ်လာမယ့်စက်မှုနယ်မြေများအတွက် ကျွမ်းကျင်တဲ့လူ့စွမ်းအားအရင်းအမြစ်တွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ အလုပ်အကိုင်၊ အခွင့်အရေးသာမက အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတွေအတွက်လည်း အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ဒလမြို့နယ်မှာရှိတဲ့လူငယ်တွေအတွက် အသက်အရွယ်နဲ့ပညာအရည်အချင်းအလိုက် သင်ယူတတ်မြောက်နိုင်မယ့်ကျွမ်းကျင်မှုဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ၊ ပညာရေးနဲ့ သင်တန်းတွေပေါ်ပေါက်ဖို့အတွက် စက်မှုလက်မှုအထက်တန်းကျောင်းဟာ အမှန်တကယ်လိုအပ်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းရတဲ့အကြောင်းအရင်းကို ဆက်ပြောရမယ်ဆိုရင် မြို့နယ်အတွင်းမှာပြည်သူတွေဟာ လယ်သမားအများစုဖြစ်ကြသော်လည်း လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် အခြားအကြောင်းတွေကြောင့်အလုပ်လက်မဲ့ဖြစ်ပြီး ကြုံရာကျပန်းအလုပ်တွေ လုပ်နေကြရပါတယ်။ ဒလမြို့နယ်မှ အခြားမြို့နယ်များကပြောင်းလာတဲ့ကျူးကျော်သူတွေလည်း တိုးပွားလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းရှားပါးနေတာကြောင့် ပြည်သူလူထုစားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဟာ ရွှေအခွင့်အရေးလို လိုအပ်နေတဲ့မြို့နယ်ဖြစ်ပါတယ်။ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် စီးပွားရေးကျပ်တည်းမှုကြောင့်ဖြစ်စေ၊ အခြားအကြောင်းတွေကြောင့်ဖြစ်စေ ကျောင်းထွက်ခဲ့ရတဲ့လူငယ်တွေအတွက်လည်း အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးဖို့ အထူးလိုအပ်နေတဲ့မြို့နယ်လည်းဖြစ်ပါတယ်။ ဒါမှသာ အခွင့်အရေးဆုံးရှုံးနေရတဲ့လူငယ်တွေဟာ လမ်းမှားမရောက်မှာ ဖြစ်ပါတယ်။ မကြာသေးခင်ကာလက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုးချဲ့တည်ဆောက်မယ့်မြို့နယ်စီမံကိန်းအရ ဒလမြို့ဆင်ခြေဖုံးမှာ နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ စက်မှုနယ်မြေအတွက် MOU လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မကြာခင် အနာဂတ်တွင် မြို့ဆင်ခြေဖုံးမှာ စက်မှုနယ်မြေပေါ်ပေါက်မယ့်အလားအလာရှိနေပြီးလည်း ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျတဲ့ ဒလမြို့နယ်အတွက် စက်မှုလက်မှုအထက်တန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခြင်းဟာ မျှော်လင့်ချက်မဲ့နေတဲ့ဒလမြို့ရှိလူငယ်များကို ကယ်တင်လိုက်ခြင်းဖြစ်ကြောင်း မြို့မိမြို့ဖများနှင့် မဲဆန္ဒရှင်အားလုံးက အသိအမှတ်ပြုကြမှာဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုလက်မှုအထက်တန်းကျောင်း ဆောက်မယ့်မြေနေရာနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့ တိုင်းဒေသကြီး၊ လျှပ်စစ်နဲ့လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်တို့ရဲ့ပြောကြားချက်အရ ဒလမြို့ဆင်ခြေဖုံးမှာ

ပေါ်ပေါ်မယ့်အဆိုပါစက်မှုနယ်မြေမှာ ဧက ၂၀ ခန့် ကျောင်းအတွက်လျာထားပေးမည်ဖြစ်ကြောင်း သိရတဲ့အတွက် လိုအပ်မယ့်မြေနေရာအတွက် မြေဧရိယာ အလုံအလောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေအတွက်စိတ်မပူရတဲ့ ဒလမြို့နယ်အတွက် စက်မှုလက်မှုအထက်တန်းကျောင်း ပေါ်ပေါက်ရေးမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်းပိုင်းခရိုင်၊ ဒလမြို့နယ်တွင် စက်မှုလက်မှုအထက်တန်းကျောင်းဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ပြန်လည်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးမှာ ခရိုင် လေးခရိုင်ရှိပြီး လေးခရိုင်လုံးမှာပဲ နည်းပညာနဲ့ သက်မွေးပညာရေးအခွင့်အလမ်းရရှိစေရန် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်အတွင်းမှာ မြေနေရာရရှိရေးအတွက်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်းစီစဉ်လျက်ရှိပါတယ်။ တစ်ခုဝမ်းသာစရာကတော့ မနေ့ကကျင်းပတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးမှာပဲ ဒလနည်းပညာသိပ္ပံတစ်ခုဆောက်လုပ်ဖို့အတွက် မြေနေရာရရှိမှုကိုဆုံးဖြတ်ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒီအတွက် ကျွန်တော်တို့ဘတ်ဂျက် ထည့်သွင်းစီစဉ်ပါ့မယ်။ အဲဒီတော့ ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ စက်မှုလက်မှုအထက်တန်းကျောင်းအဆင့်သာမက သိပ္ပံအဆင့်သင်ကြားနိုင်တဲ့ ဒလစက်မှုလက်မှုသိပ္ပံအတွက် ဘတ်ဂျက်လျာထားပြီးဖြစ်ပါကြောင်းနဲ့ မနေ့ကပဲရရှိပြီးဖြစ်တဲ့အတွက် လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာပဲ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**တံတားဦးမြို့နယ်၊ မြေငူအခြေခံပညာအထက်တန်းကျောင်းအား ၂၀၁၉ ခုနှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေးဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခဲ့တဲ့မေးခွန်းကတော့ တံတားဦးမြို့နယ်၊ မြေငူအခြေခံပညာအထက်တန်းကျောင်းအား ၂၀၁၉ ခုနှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အထက်ပါမေးခွန်းကို မေးမြန်းခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်ခန့်တွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ စာစစ်ဌာနအား စီမံခွင့်ပြုခဲ့ရာ ယခု ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆိုပါစာစစ်ဌာနမှ ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ခဲ့၍ ဝန်ကြီးဌာနအား ဒေသခံပြည်သူများရဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်စိုးနွယ်အေးရဲ့မေးခွန်းဖြစ်သော တံတားဦးမြို့နယ်၊ မြေငူအခြေခံပညာအထက်တန်းကျောင်းအား ၂၀၁၉ ခုနှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ဒီမေးခွန်းအရ မေးမြန်းချက်မှာတော့ ကျွန်တော်တို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းကပဲ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ခုနလည်း ကိုယ်စားလှယ်တော်ကြီး တင်ပြပြီးဖြစ်တဲ့အတွက် ဆောင်ရွက်ပြီးလုပ်ငန်းဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ရေဦးမြို့ အ.ထ.က(၁)ကျောင်းဝင်းအတွင်းရှိ သင်ကြားရေးအဆောင်များဖြစ်သော ကံ့ကော်ဆောင်နှင့် အင်ကြင်းဆောင်တို့မှာ ကျောင်းသားကျောင်းသူဦးရေများပြားခြင်း၊ ကျောင်းဆောင်သက်တမ်းကာလ ကြာမြင့်ခြင်းတို့ကြောင့် ကျောင်းဆောင်အမိုးများ၊ ကြမ်းခင်းများ၊ လှေကားများ၊ အကာလက်ရန်းများ ခိုင်ခံ့မှုကိုစစ်ဆေးကာ နွေရာသီကျောင်းပိတ်ရက်များတွင် ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် မြို့ပေါ်မှာ အခြေခံပညာအထက်တန်း ကျောင်းနှစ်ကျောင်းရှိပါတယ်။ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသား ကျောင်းသူ ငါးထောင်ဝန်းကျင်ခန့်ရှိပြီး ဆရာဆရာမပညာရေးဝန်ထမ်း ၁၅၀ ခန့် တာဝန်ထမ်းဆောင် လျက်ရှိပါတယ်။ အ.ထ.က(၁)ကျောင်းဝင်းအတွင်းရှိ ကံ့ကော်ဆောင်၊ အင်ကြင်းဆောင်၊ သဇင်ဆောင်၊ သရဖီဆောင်၊ မြတ်လေးဆောင်၊ စကားဝါဆောင်များဟာ သင်ကြားရေးအဆောင်များဖြစ်ပါတယ်။ သင်ကြားရေးအဆောင်များ များပြားသော်လည်း ကျောင်းသားကျောင်းသူအရေအတွက် များပြားလာ ခြင်းကြောင့် တက္ကသိုလ်ဝင်စာမေးပွဲရာသီများမှာ စာသင်ခုံများနှင့် စာမေးပွဲဖြေဆိုနိုင်သော စာဖြေခန်း များကတော့ လိုအပ်နေဆဲဖြစ်ပါတယ်။ ကံ့ကော်ဆောင်နှင့် အင်ကြင်းဆောင်တို့ဟာ ၁၉၅၅ ခုနှစ်က ဆောက်လုပ်ခဲ့ပြီးတော့ ကုန်ကျစရိတ်အားဖြင့် ၁၁ သိန်း ၅ သောင်းကျပ်ဖြင့်သာ ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၀ ကျော်နေသော စာသင်ဆောင်များဖြစ်ပါတယ်။ ယနေ့ အချိန်မှာ ကျောင်းသားကျောင်းသူဦးရေများပြားလာခြင်း၊ ကျောင်းဆောင်သက်တမ်းကာလ ကြာမြင့် ခြင်းတို့ကြောင့် အင်ကြင်းဆောင်မှာ ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေပါတယ်။ စာသင်ဆောင်အမိုးများ၊ မျက်နှာကြက်များ၊ ကြမ်းခင်းများ၊ လှေခါးများ၊ အကာလက်ရန်းများ ပြုတ်ကျပျက်စီးနေခြင်းကြောင့် ကျောင်းသားကျောင်းသူများအတွက်လည်း အန္တရာယ်အလွန်များပြားပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်တို့ အ.ထ.က(၁)ရဲ့ ကျောင်းဝင်ပေါက်ဖြစ်ပါတယ်။ ဒါက

ကံ့ကော်စာသင်ဆောင်ဖြစ်ပါတယ်။ ဒါက အင်ကြင်းဆောင်ဖြစ်ပါတယ်။ ဒါက သရဖီဆောင်ဖြစ်ပါတယ်။ သုံးထပ်ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါက သဇင်စာသင်ဆောင်ဖြစ်ပါတယ်။ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပါတယ်။ စာသင်ဆောင်လေးဆောင်က အထက်တန်းကျောင်းသားနဲ့ အလယ်တန်းကျောင်းသားတွေ သင်ယူနေသော အဆောင်များဖြစ်ပါတယ်။ ဒါက ပျက်စီးနေသော အင်ကြင်းဆောင်က အလျားလိုက်ရိုက်ထားသောပုံဖြစ်ပါတယ်။ ဒါလည်း အင်ကြင်းဆောင်ဖြစ်ပါတယ်။ အကာနဲ့အမိုးတွေက ပျက်စီးနေပါပြီ။ ဒါက လှေကားအတက်ဖြစ်ပါတယ်။ လက်ရန်းတွေပြုတ်ကျပြီးတော့ အတက်အဆင်းလုပ်ကြတဲ့အခါမှာ လှုပ်ယမ်းနေပါတယ်။ ဒါက အောက်ကြမ်းပြင်အခင်းများ ပျက်စီးနေခြင်းဖြစ်ပါတယ်။ ဒါက တိုင်ခြေတွေ ယိုယွင်းနေခြင်းဖြစ်ပါတယ်။ ဒါက မျက်နှာကြက်များ ပျက်စီးနေခြင်းဖြစ်ပါတယ်။ အမိုးများဟာ ပျက်စီးပြီးတော့ မိုးရေများဟာ ကြမ်းပြင်ပေါ်ထိ ကျရောက်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒါက ပြူတင်းပေါက်များ ပျက်စီးနေခြင်းဖြစ်ပါတယ်။ ဒါက လှေကားအတက်မှာ ကွာကျနေသောအုတ်နံရံများ ပျက်စီးနေခြင်းဖြစ်ပါတယ်။ ဒါက လှေကားပျက်စီးနေခြင်းဖြစ်ပါတယ်။ ဒီကျောင်းဆောင်ဟာ ကုန်ကျစရိတ်နည်းနည်းနဲ့ ဆောက်လုပ်ခဲ့သော်လည်း သူ့ခေတ်သူ့အခါကြောင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအချိန်မှာတော့ ပြုပြင်ထိန်းသိမ်းဖို့ အရမ်းကို လိုအပ်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့် အ.ထ.က(၁)ကျောင်းဝင်းအတွင်းရှိ သင်ကြားရေးအဆောင်များဖြစ်သော ကံ့ကော်ဆောင်နှင့် အင်ကြင်းဆောင်တို့ကို ကျောင်းဆောင်အမိုးများ၊ ကြမ်းခင်းများ၊ လှေကားများ၊ အကာလက်ရန်းများခိုင်ခံ့မှုကိုစစ်ဆေးကာ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာမင်းသိန်း၏မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ အ.ထ.က(၁) ကျောင်းဝင်းအတွင်းရှိ သင်ကြားရေးဆောင်များဖြစ်သော ကံ့ကော်ဆောင်၊ အင်ကြင်းဆောင်တို့မှ ကျောင်းသား

ကျောင်းသူဦးရေများပြားခြင်း၊ ကျောင်းဆောင်သက်တမ်းကာလ ကြာမြင့်ခြင်းတို့ကြောင့် ကျောင်းဆောင်အမိုးများ၊ ကြမ်းခင်းများ၊ လှေကားများ၊ အကာလက်ရန်းများ ခိုင်ခံ့မှုကို စစ်ဆေး၍ နွေရာသီကျောင်းပိတ်ရက်များအတွင်း ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြထားတဲ့ ကတိကဝတ်အရ ဆောင်ရွက်ပေးရမယ့်ကျောင်း ရှစ်ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်များဖျက်သိမ်း၍ အသစ်ဆောက်လုပ်ပေးရမယ့်ကျောင်း ၁၆၄ ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ်တည်ဆောက်ရမယ့်ကျောင်း ၁၂၉ ကျောင်း၊ သိပ္ပံဆောင် လိုအပ်၍ ဆောက်လုပ်ရန်လေးကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ၁၂ ကျောင်း၊ စာကြည့်တိုက် ဆောက်လုပ်ရန် တစ်ကျောင်း စုစုပေါင်းလုပ်ငန်း ၃၁၈ ကျောင်းကို ရန်ပုံငွေအလိုက်၊ ဦးစားပေး လုပ်ငန်းများအလိုက် ထည့်သွင်းလျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပြင်ဆင်ရေးလုပ်ငန်းများသည် ပြင်/ထိန်းရန်ပုံငွေနှင့် သာမန်အသုံး စရိတ်ဖြင့်သာ ဆောင်ရွက်နိုင်မယ့်လုပ်ငန်းများဖြစ်တဲ့အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းရေးစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ ခွဲဝေရရှိမှုအခြေအနေပေါ် မူတည်ပြီး ဦးစားပေးအလိုက် ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လှိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ပေွဟိုးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် နားတစ် ကျေးရွာအုပ်စု၊ ပန်ဟူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် စာသင်ကျောင်းဆောင် အသစ်တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ မိဘပြည်သူများနှင့် တွေ့ဆုံခဲ့ရာတွင် မိဘပြည်သူများမှ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးရွာဒေသမှာရှိကြတဲ့ နောင်လိုင်ကျေးရွာအုပ်စုနှင့် နားတစ်ကျေးရွာအုပ်စုရှိ မိဘပြည်သူများ၏ သားငယ်၊ သမီးငယ်များကို ပညာသင်ပေးနိုင်ရေးအတွက် တင်ပြသည်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ဟွေဟိုးရွာတွင်ရှိသည့် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားကျောင်းသူဦးရေများပြားပါသဖြင့် စာသင်ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ပါရန် တင်ပြလာပါတယ်။ ထိုနည်းတူပဲ နားတစ်ကျေးရွာအုပ်စု၊ ပန်ဟူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားကျောင်းသူဦးရေများပြားပြီး လက်ရှိစာသင်ကျောင်းဆောင်နှင့် မလုံလောက်ပါသဖြင့် စာသင်ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ပါရန် တင်ပြလာပါသဖြင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ဟွေဟိုးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် နားတစ်ကျေးရွာအုပ်စု၊ ပန်ဟူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် စာသင်ကျောင်းဆောင်အသစ်တစ်ဆောင်စီ ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်သီရဲ့မေးခွန်းဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ဟွေဟိုးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် နားတစ်ကျေးရွာအုပ်စု၊ ပန်ဟူးကျေးရွာ အခြေခံ

ပညာမူလတန်းကျောင်းတို့တွင် စာသင်ကျောင်းဆောင်အသစ်တစ်ဆောင်စီ ဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ လွှတ်တော် ကတိကဝတ်အရ ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးရန် ၅၂ ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင် များဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် ၂၆ ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ် ဆောက်လုပ်ရန် ၅၃ ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန် တစ်ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ် ရန် ငါးကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန် တစ်ကျောင်း စုစုပေါင်း ၁၃၈ ကျောင်းတို့ကို ခွဲဝေရရှိ သည့် ရန်ပုံငွေအရ ဦးစားပေးအစီအစဉ်အလိုက် လျာထားပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ လွိုင်လင်မြို့နယ်၊ ပွေဟိုးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ် အနေနဲ့ ၆၀ ပေ x ၃၀ ပေ Steel Structure တစ်ထပ်ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်ရန်နှင့် ပန်ဟူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ ၆၀ ပေ x ၃၀ ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် အစား ၆၀ ပေ x ၃၀ ပေ Steel Structure တစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျခံသုံးစွဲဆောင်ရွက်ပေးရန် ဘဏ္ဍာငွေ လျာထားပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှာ ဘွဲ့ကြိုတန်း (ညနေသင်တန်း)များအား တာဝန်ယူဖွင့်လှစ်နိုင်သည့် တက္ကသိုလ်များရှိပါက ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး မြန်မာ့နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော် ကတော့ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ကျွန်တော်က ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမယ့်မေးခွန်းကတော့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်

ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှာ ဘွဲ့ကြိုတန်း(ညနေသင်တန်း)များအား တာဝန်ယူဖွင့်လှစ်နိုင်သည့် တက္ကသိုလ်များရှိပါက ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးမြန်းဖို့ရန်အတွက် အကျိုးအကြောင်းဖော်ပြချက်နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ နိုင်ငံတော်ရဲ့လက်ရှိအခြေအနေပဲဖြစ်ပါတယ်။ ဒီနေ့တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေးဟာ အလွန်အရေးကြီးပါတယ်။ ဒါဟာ လူတိုင်းငြင်းပယ်လို့မရတဲ့အမှန်တရားပဲ ဖြစ်ပါတယ်။ ပညာတတ်နိုင်ငံသားများ တိုးပွားလေလေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လေပါပဲ။ ဒါကြောင့် အဘက်ဘက်က နိမ့်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် နိုင်ငံတကာနှင့် ရင်ဆိုင်ယှဉ်ပြိုင်နိုင်ဖို့အတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ အခြေခံပညာရေးမှာလည်း ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေသလို အဆင့်မြင့်ပညာကဏ္ဍမှာလည်း လိုအပ်သည့်အစီအမံများဆောင်ရွက်ပေးရမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် နိုင်ငံသားတိုင်း၊ နိုင်ငံသားတိုင်းမည်သည့်အခြေအနေတွင်ဖြစ်စေ ပညာသင်ကြားခွင့်ရရှိရေးဟာ အလွန်အရေးကြီးသလို သင်ယူခွင့်ရရှိစေရန်လည်း နိုင်ငံတော်အစိုးရများက ဖန်တီးပေးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယတစ်ချက်ကတော့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍအခြေအနေဖြစ်ပါတယ်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံအနှံ့အပြား၊ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်မှာ တက္ကသိုလ်၊ ဒီကရီကောလိပ်၊ ကောလိပ်စုစုပေါင်း ၁၆၀ လောက် တည်ဆောက်ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ ဝိဇ္ဇာသိပ္ပံဘွဲ့တွေ၊ နည်းပညာဘွဲ့တွေ၊ ပညာရေးဘွဲ့တွေ၊ စီးပွားရေးပညာဘွဲ့တွေ သင်ကြားပို့ချပြီး ဘွဲ့နှင်းပေးလျက်ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ နောက်ထပ်ထူးခြားတဲ့တစ်ချက်ကတော့ ဘွဲ့ကြိုသင်တန်းများတက်ရောက်သင်ကြားနေသူ ခုနစ်သိန်းပတ်ဝန်းကျင်ရှိတဲ့အနက်မှာ ငါးသိန်းကျော်ဟာ အဝေးသင်တက္ကသိုလ်တွေမှာတက်ရောက်သင်ကြားနေသူများဖြစ်ပါတယ်။ အဝေးသင်တက္ကသိုလ်မှာ လက်ရှိဆောင်ရွက်နေသောမူဝါဒအရ ဘွဲ့ကြိုသင်တန်းတစ်နှစ်တာမှ ဆရာဆရာမများနှင့်ထိတွေ့သင်ကြားချိန်ဟာ အနီးကပ်သင်တန်းပို့ချတဲ့ရက်ပေါင်း ၂၀ ကျော်လောက်သာ ရှိပါတယ်။ သေချာတာကတော့ ဆရာဆရာမများနှင့်သင်ကြားရေးအထိအတွေ့ နည်းပါးနေတဲ့အတွက် လိုအပ်တဲ့ပညာအရည်အသွေး ရလာဖို့အခွင့်အလမ်း နည်းပါးနေတယ်ဆိုတာ သေချာပါတယ်။ အဝေးသင်တက္ကသိုလ်တက်ရောက်သင်ကြားသူ

အများစုဟာ လုပ်ငန်းခွင်တစ်ဖက်နှင့် ပညာသင်ကြားနေသော ကျောင်းသားလုပ်သားများသာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ကုန်ထုတ်စွမ်းအားစုအတွက်သော်လည်းကောင်း၊ အခြားသောလုပ်ငန်းခွင်အသီးသီးမှာသော်လည်းကောင်း လုပ်ငန်းခွင်မှာ အလုပ်လုပ်နေကြသူများသာ ဖြစ်ပါတယ်။ အခြေအနေအရပ်ရပ်ကြောင့်သာ ဆရာဆရာမများနှင့် သင်ကြားရေးအထိအတွေ့နည်းပါးတဲ့ အဝေးသင်တက္ကသိုလ်ကို တက်နေရပေမဲ့ မိမိတို့ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆရာဆရာမများနှင့် အမြဲမပြတ်သင်ယူလိုတဲ့ဆန္ဒ ရှိနေကြပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ ဘီလီယံပေါင်းမြောက်မြားစွာ ရင်းနှီးမြှုပ်နှံထားတဲ့ အဆင့်မြင့်ပညာအောက်ရှိ တက္ကသိုလ်များမှာ ဘွဲ့ကြို(နေ့သင်တန်း)တစ်ခုတည်း ဖွင့်လှစ်သင်ကြားပို့ချဘွဲ့နှင်းပေးမယ့်အစား ဘွဲ့ကြို(ညနေသင်တန်း)များ ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံထားသော အခြေခံအဆောက်အဦများကို အသုံးကျအောင် အသုံးချရမှာ ဖြစ်ပါတယ်။ အချို့သောတက္ကသိုလ်များမှာဆိုရင် ညနေပိုင်း ဒီပလိုမာသင်တန်းတွေ သင်ကြားပို့ချပေးနေတာဟာ ဆယ်စုနှစ်တစ်စုနီးပါး အောင်မြင်စွာဖွင့်လှစ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဆောင်ရွက်နိုင်သော အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံသော၊ အခြေအနေပေးသော တက်ရောက်လိုသည့် ကျောင်းသူကျောင်းသားများရှိသည့် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီကရီ၊ ကောလိပ်များမှာ ဘွဲ့ကြို(ညနေသင်တန်း)များ ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် အလွန်ကောင်းမွန်သော အခြေအနေတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တက္ကသိုလ်ဘွဲ့ကြို(ညနေသင်တန်း)ဆိုတာ အခုမှ အဆန်းထွင်ဖွင့်တာမဟုတ်ပါဘူး။ ၁၉၄၇ ခုနှစ်ကတည်းက အစပြုခဲ့တာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှာ စစ်အတွင်းက ပညာတစ်ပိုင်းတစ်စနဲ့ အသက်ကြီးသွားသောသူများ တက္ကသိုလ်ပညာရေးဆက်လက်ဆည်းပူးနိုင်ရန် အမျိုးသားကောလိပ်အဖြစ် စတင်ထူထောင်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူ ၁၀၀ ကျော်၊ ဆရာဆရာမ ၂၀ ဦးနဲ့ အစပြုခဲ့ပြီး မနက်ပိုင်းမှာ ၇ နာရီကနေ ၉ နာရီ၊ ညနေပိုင်းမှာ ၅ နာရီကနေ ၈ နာရီအထိ ပို့ချခဲ့တဲ့ အမျိုးသားကောလိပ်နဲ့ စခဲ့တာပါ။ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် မတ်လမှာတော့ သက်ကြီးတက္ကသိုလ်အဖြစ် အမည်ပြောင်းလဲပြီး ၁၉၅၈-၁၉၅၉ ပညာသင်နှစ်မှာတော့ ကျောင်းသားကျောင်းသူ ၁၅၀၀ ကျော်နဲ့ ဆရာဆရာမ ၁၀၀ ဦးနီးပါးအထိရှိလာပြီး ရန်ကုန်တက္ကသိုလ်မှာ ပြင်ပဖြေအနေနဲ့ ဝင်ရောက်ဖြေဆိုခွင့်ရရှိပါပြီ။ ၁၉၆၄ ခုနှစ်မှာတော့ စနစ်သစ်ပညာရေးအရ သက်ကြီးတက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်ရဲ့ Affiliate

လုပ်သားကောလိပ်အဖြစ် လုပ်ငန်းခွင်တစ်ဖက်နဲ့ သင်ကြားလိုသူများအတွက် ညနေပိုင်းသင်ကြားပို့ချ ဘွဲ့နှင်းပေးအပ်ခဲ့ပါတယ်။ ဒီလိုပဲ မန္တလေးတက္ကသိုလ်မှာလည်း ဘွဲ့ကြို(ညနေသင်တန်း)အဖြစ် ဖွင့်လှစ်ပေးခဲ့ပြီး ဘွဲ့နှင်းပေးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်၊ လုပ်သားကောလိပ်နှင့် မန္တလေးတက္ကသိုလ် (ညနေသင်တန်း)တို့ဟာ ၂၀၀၄ ခုနှစ်ပတ်ဝန်းကျင်အထိ ရပ်တည်သင်ကြားဘွဲ့နှင်းပေးခဲ့ပြီး ဘွဲ့ရပေါင်း သိန်းချီရှိခဲ့ပါတယ်။ ဘွဲ့ရကျောင်းသူကျောင်းသားများဟာ ဒီနေ့အချိန်မှာဆိုရင် ဌာနဆိုင်ရာအသီးသီးမှာ ပညာရှင်များအဖြစ် ဒုတိယဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများအဆင့် နိုင်ငံ့တာဝန်တွေထမ်းဆောင်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်နိုင်ငံ့လိုအပ်ချက်အရ၊ အဆင့်မြင့်ပညာရေးရဲ့လိုအပ်ချက်အရ ယခုမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာလှမိုးရဲ့မေးခွန်းဖြစ်သော ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် ဘွဲ့ကြိုသင်တန်း(ညနေသင်တန်း)များအား တာဝန်ယူဖွင့်လှစ်နိုင်သည့် တက္ကသိုလ်များရှိပါက ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ဘွဲ့ကြိုသင်တန်း၊ ဘွဲ့လွန်သင်တန်းများကို အောက်ပါအတိုင်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ မကွေးတက္ကသိုလ်မှာ ဘွဲ့ကြိုသင်တန်းတွေဖြစ်တဲ့ Geographic Information System(GIS) နှင့် Land Surveying သင်တန်းများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာ၊ ထိုင်းဘာသာ၊ ဂျာမန်ဘာသာသင်တန်းများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ဘွဲ့ကြိုသင်တန်းများ

အဖြစ် Diploma in Business Studies၊ Diploma in Management Accounting၊ Diploma in Financial Accounting အစရှိတဲ့သင်တန်းများအား ဘွဲ့လွန်သင်တန်းများအဖြစ် Diploma in Development Studies(Dip, DS)၊ Diploma in Marketing(DIM)၊ Diploma in Research Studies(DRS)သင်တန်းများ၊ မန္တလေးတက္ကသိုလ်မှာ ဘွဲ့ကြိုသင်တန်းများအဖြစ် Certificate in Advanced Studies၊ Certificate in Business Studies၊ Certificate in Geographic Information System၊ Certificate in Buddhist Studies၊ ဘွဲ့လွန်သင်တန်းများအဖြစ် Diploma in Political Science၊ Diploma in Abhidhamma၊ Diploma in English၊ Diploma in Philosophy သင်တန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အဆင့်မြင့်ပညာဦးစီးဌာန မိတ္ထီလာ စီးပွားရေးတက္ကသိုလ်မှ ဖွံ့ဖြိုးမှုမဟာဘွဲ့(MDevs)သင်တန်းများကို နေပြည်တော်မှာ အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေ့များမှာလည်း သင်ကြားဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

လက်ရှိအားဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနရှိ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များတွင် အဝေးသင်သင်တန်းများနှင့် နေ့သင်သင်တန်းများကို ပူးပေါင်းပြီးတော့ One Campus, Two System စတင်ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ ယခုပညာသင်နှစ်ကစပြီး အဝေးသင် သင်တန်းနှစ်များအားလုံးအတွက် ကျောင်းအပ်လက်ခံခြင်း၊ သင်တန်းပို့ချခြင်း၊ စာစဉ်ပြုစုခြင်း၊ စာစဉ် စစ်ဆေးခြင်း၊ စာတွေ့လက်တွေ့သင်ကြားမှုပြုခြင်း၊ မေးခွန်းလွှာပြုစုခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အဖြေလွှာစစ်ဆေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း၊ ဘွဲ့နှင်းသဘင်ကျင်းပခြင်း အစရှိသည့် လုပ်ငန်း စဉ်များအားလုံးကို သက်ဆိုင်ရာတက္ကသိုလ်များကပဲ ဆောင်ရွက်တော့မှာဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အသီးသီးမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ သင်ကြားရေးဆရာဆရာမအင်အားအပေါ် မူတည်၍ လည်းကောင်း၊ သင်ကြားရန်အခြေအနေပေးမှုအပေါ် မူတည်၍လည်းကောင်၊ ဒေသအတွက် လိုအပ် ချက်ရှိမှုအပေါ် မူတည်၍လည်းကောင်း၊ တက်ရောက်မည့်သင်တန်းသားနှင့် သင်တန်းဘာသာရပ် အခြေအနေအပေါ် မူတည်ပြီးတော့ ဘွဲ့ကြိုသင်တန်း(ညနေသင်တန်း)များအား ကိုယ်စားလှယ်တော် ကြီးတင်ပြသကဲ့သို့ ဖွင့်လှစ်နိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က ပေးအပ်သောဘွဲ့နှင့်လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမျိုးဇော်အောင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် သုံးစွဲခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ ပေးအပ်သောဘွဲ့နှင့် လျော်ညီသောပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုတင်သွင်းရခြင်းဟာ လက်ရှိအစိုးရအနေနဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကို ပစ်ထားလို့၊ အလုပ်မလုပ်လို့တင်သွင်းတာမဟုတ်ပါဘူး။ လက်ရှိအစိုးရအနေနဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကိုလည်းပဲ အားစိုက်နေတာကိုလည်းပဲ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်းပဲ လက်ရှိအခြေအနေမှာ မြေပြင်အနေအထားအရ

ကျောင်းသူကျောင်းသားတွေရဲ့ ပြောပြချက်အရနဲ့ ကျွန်တော့်ရဲ့လေ့လာမှုအရ အရေးကြီးတဲ့အကြံပြု ချက်တစ်ခုကို အကြံပြုသွားချင်လို့ ဒီအဆိုကိုတင်သွင်းရခြင်းပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကျော် လောက်က နည်းပညာတက္ကသိုလ်ကျောင်းသားတွေနဲ့ တွေ့ပါတယ်။ တွေ့တဲ့အခါမှာ နည်းပညာ တက္ကသိုလ်ကျောင်းသားတွေက တောင်းဆိုပါတယ်။ ကျွန်တော်တို့ စာတွေ့အရမ်းများနေပါတယ်။ စာတွေ့နဲ့လက်တွေ့ မျှချင်ပါတယ်ဆိုပြီးတော့မှ ဒါလေးကိုကူညီပေးပါ။ တင်ပြပေးပါဆိုပြီးတော့မှ တောင်းဆိုခဲ့တာ ကျွန်တော်တွေ့ရပါတယ်။ တောင်းဆိုခဲ့တဲ့အခါမှာ ဘာလဲဆိုတော့ ကျွန်တော့်အနေနဲ့ ကလည်းပဲ ဘာလို့လဲ၊ သင်ကြားမှုကြောင့်မို့လို့လား၊ Teaching Facility ကြောင့်မို့လို့လားဆိုပြီး ကျွန်တော်မေးတဲ့အခါမှာ Teaching Facility အားနည်းတာရော၊ လက်တွေ့ပိုင်းအတွက် အချိန်နည်းတာရော ကျောင်းသားတွေက ပြောပါတယ်။ ပြီးတဲ့အခါကျတော့ ဒီအခြေအနေနဲ့ပတ်သက် ပြီး ကျွန်တော် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ပါမောက္ခတစ်ယောက်ကို မေးတဲ့အခါမှာလည်းပဲ သူက Facility တော့ရှိတယ်။ ဒါပေမဲ့လည်း လိုအပ်ချက်ဆိုတာတော့ ရှိပါတယ်ဆိုတာကို ပြောပါတယ်။ ဒီ Facility တွေကို ဖြည့်ပေးနိုင်ရင်တော့လည်းပဲ ကောင်းတာပေါ့ဆိုပြီးတော့မှ ပြောပါတယ်။ အဲဒီတော့ ဒီအခြေအနေမှာ ကျွန်တော် ဘာလေ့လာမိလဲဆိုတဲ့အခါကျတော့ အခါအခွင့်သင့်လို့ ဂျပန်နိုင်ငံက ဆရာတစ်ယောက်ကို ကျွန်တော်မေးမိပါတယ်။ သူတို့ရဲ့ ကျောင်းသားတွေလုပ်ထားတဲ့ Proto Types တွေကို ကျွန်တော်လေ့လာမိတဲ့အခါမှာ ဂျပန်နိုင်ငံက ငလျင်ဒဏ်နဲ့ပတ်သက်ပြီးတော့မှ ရှောင်လွှဲနိုင် အောင် နည်းပညာရှိတယ်လို့ပြောတယ်။ အဆောက်အဦတွေ ဆောက်တဲ့အခါမှာ။ ဒါကို ကျောင်းသား တွေကိုဘယ်လိုသင်ပေးပါသလဲလို့ မေးတဲ့အခါမှာ ဆရာတွေက ဘာပြောလဲဆိုတဲ့အခါကျတော့ ကျောင်းသားတွေဘွဲ့ရပြီဆိုလျှင် ဒီ Knowledge က တစ်ခါတည်းပါသွားပြီးသားပါလို့ ကျွန်တော်တို့ ကိုဖြေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အခြေအနေမှာ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါကျတော့ မြန်မာ အင်ဂျင်နီယာတွေ၊ ကျွန်တော့်သူငယ်ချင်းတွေက ပြောပါတယ်။ ဥပမာ-လမ်းလုပ်တယ်။ Centrifugal Force ကို အင်ဂျင်နီယာတိုင်းနားမလည်ဘူး။ Super Elevation ဘယ်လိုထည့်ရမလဲဆိုတာ အင်ဂျင်နီယာတိုင်းနားမလည်ဘူးဆိုတာမျိုး အင်ဂျင်နီယာတွေကိုယ်၌ကပြောပါတယ်။ တကယ် လုပ်နေတဲ့သူတွေကတော့ နားလည်တယ်။ ဒါပေမဲ့ တချို့ကျတော့လည်းပဲ အင်ဂျင်နီယာဘွဲ့လက်မှတ် သာယူထားပြီးတော့မှ မလုပ်တဲ့လူတွေလည်းရှိတယ်။ ဒါက ကျွန်တော် အပြစ်မြင်နေတာမဟုတ်ပါဘူး။ ကျွန်တော်တို့တစ်တွေ ဘယ်နေရာကနေမှ ပံ့ပိုးပေးရမလဲဆိုတာကို ပြောချင်လို့ ကျွန်တော်ထည့်သွင်း ပြီးတော့မှ နမူနာအနေနဲ့ ပြောခြင်းဖြစ်ပါတယ်။

**မူကြမ်း**

နောက်တစ်ခုက အင်ဂျင်နီယာတွေမှမဟုတ်ပါဘူး။ အခြား ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်တွေမှာလည်းပဲ အဲဒီလိုပါပဲ။ US ရဲ့ Education တွေမှာဆိုလို့ရှိရင် ကျွန်တော်သိရသလောက်ဆိုလို့ရှိရင် နိုင်ငံရေးသိပ္ပံ Credit သုံးမှတ်လောက်ရဖို့ရာအတွက်ကို မူရင်း The Political Tinker တွေရဲ့ စာအုပ်ပေါင်း အုပ် ၂၀ လောက်ဖတ်ရပါတယ်။ ကျွန်တော်တို့ရဲ့ကိုယ်ပိုင်အတွေ့အကြုံလည်း မှန်ပါတယ်။ ပြီးတဲ့အခါကျတော့ ဂျာမနီနိုင်ငံကကျောင်းသားတွေကို မေးကြည့်ပါတယ်။ မေးကြည့်တဲ့အခါမှာ အချို့ Bachelor အဆင့် မှာတောင်မှ Intern ဆင်းရတာလေးတွေ ကျွန်တော်တို့တွေ့ရပါတယ်။ Bachelor Graduation Requirement အနေနဲ့ Intern ဆင်းပြီးတော့မှ စာတမ်းတင်ရတာမျိုးလေးတွေ ကျွန်တော်တို့တွေ့ရပါတယ်။ ကျွန်တော်တို့တစ်တွေ နိုင်ငံတကာအဆင့်မီ ကျောင်းသားတွေမွေးထုတ်ဖို့ ဆိုလို့ရှိရင် ပံ့ပိုးပေးဖို့လိုနေပြီဆိုတာကို ကျွန်တော့်အနေနဲ့ သိမြင်ခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ကျတော့ ဘာလဲဆိုတော့ ကျွန်တော် လွန်ခဲ့တဲ့တစ်နှစ်လောက်က အခါအခွင့်သင့်လို့ မန္တလေး တက္ကသိုလ်က (COE)ကျောင်းသားတွေနဲ့တွေ့ပါတယ်။ ကျောင်းသားတွေက ကျွန်တော်တို့ကို ဘာတောင်းဆိုလဲဆိုတော့ ကျွန်တော်တို့ Intern ကျောင်းပြီးလို့ရှိရင် ဆင်းချင်တယ်။ ကျွန်တော်တို့ကို ကူညီပေးပါ။ အစိုးရဌာနတွေမှာ ဆင်းလို့ရမလား။ ဒါမှမဟုတ်လို့ရှိရင် ကုမ္ပဏီတွေမှာ ဆင်းလို့ရမလား ဆိုတာမျိုး ကျွန်တော်တို့ကို အကူအညီတောင်းပါတယ်။ တောင်းတဲ့အခါမှာ ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်တော့ မဟုတ်ပါဘူး။ ကျွန်တော်ပြောပါတယ်။ ဒါပေမဲ့ အစိုးရဌာနတွေနဲ့ပတ်သက်တဲ့ ဟာတော့ တင်ပြပေးမယ်။ တစ်ချိန်မှာတော့ဖြစ်လာမှာပါ။ ပြီးတဲ့အခါကျတော့ ကုမ္ပဏီနဲ့ပတ်သက်လို့ ရှိရင်တော့ ကုမ္ပဏီပိုင်ရှင်တွေနဲ့ချိတ်ဆက်ပေးပါ့မယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောပြခဲ့ပါတယ်။ အဓိကတော့ ဘာလဲဆိုတော့ ကျောင်းသားတွေမှာလည်းပဲ သင်ယူချင်စိတ်တွေရှိနေတယ်ဆိုတာကို ပြောချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့တွေက ကောင်းမွန်တဲ့ပညာရေးကို ပေးပြီးတော့မှ လူငယ်တွေရဲ့ Potential အလားအလာကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ လူငယ်တွေရဲ့သင်ယူချင်စိတ်ကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ လူငယ်တွေရဲ့ပညာချစ်စိတ်ကို နှိုးဆွပေးရမှာဖြစ်ပါတယ်။ ပညာတတ်ခြင်းအပေါ်မှာ ဂုဏ်ယူတဲ့စိတ်ကို ကျွန်တော်တို့ နှိုးဆွပေးရမှာဖြစ်ပါတယ်။ လူငယ်တွေနဲ့သာ တိုင်းပြည်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့က ပေးအပ်တဲ့ဘွဲ့ Bachelor ဆိုရင် Bachelor နဲ့တန်တဲ့၊ Master ဆိုရင် Master တန်တဲ့၊ Ph.D နဲ့တန်တဲ့ ပညာ အရည်အသွေးရှိလို့ရှိရင် ကျွန်တော်တို့တိုင်းတာနေတဲ့ ကျွန်တော်တို့ရဲ့ပေတံတွေနဲ့ ပုံမှန်ကတော့ ပေးကြတယ်။ အားလုံးကလည်း Credit ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်

အသိအမှတ်ပြုပြီးတော့မှ လုပ်နေကြတာ လည်းဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာတက္ကသိုလ်တွေက ကျောင်းဆင်းတွေနဲ့ ကျွန်တော်တို့ ကျောင်းဆင်းတွေနဲ့ ယှဉ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ကဘာဖြစ်လို့ သူများနောက်ကနေ ရောက်ရောက်နေမှန်းမသိဘူး။ အဲလိုမျိုးဖြစ်နေပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ အဓိကမီးမောင်း ထိုးပြခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ Website မှာ ကျွန်တော်တို့ လေ့လာတဲ့ အခါမှာလည်းပဲ အရမ်းကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေ တွေ့ရပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနက ရည်ရွယ်ချက်ပါ။ ဦးစီးဌာနအမျိုးမျိုးက ရည်ရွယ်ချက်တွေ တင်ထားတာတွေ့ပါတယ်။ တိုင်းပြည် တည်ဆောက်ဖို့အတွက် လိုအပ်တဲ့၊ အရည်အသွေးပြည့်ဝတဲ့ ဘွဲ့ရ၊ လူ့စွမ်းအားအရင်းအမြစ်တွေကို ကျွန်တော်တို့ မွေးထုတ်ပေးမယ်ဆိုပြီးတော့မှ အရမ်းကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောချင်တာလည်း ဒီကဏ္ဍကို ပြောချင်တာဖြစ်ပါတယ်။ အရမ်းအရေးကြီးတဲ့ကဏ္ဍပါ။ ဒါပေမဲ့လည်း ဘာလဲဆိုတော့ လက်ရှိတွေ့ရတာက ဌာနလိုအပ်ချက်ပေါ့။ ဥပမာ-ဘယ်ဌာနမှ သူနာပြု ဘယ်နှစ်ယောက်လိုအပ်တယ်၊ ဒါဆိုလို့ရှိရင် သူနာပြုဘယ်နှစ်မွေးမယ်။ အင်ဂျင်နီယာ ဘယ်နှစ်ယောက်လိုအပ်တယ်၊ အင်ဂျင်နီယာ ဘယ်နှစ်ယောက်မွေးမယ်ဆိုတာမျိုးတွေကို သွားနေတာ တွေ့ရတယ်။ တကယ်ဖြစ်ရမှာက ကျွန်တော်တို့က ကျွန်တော်တို့တိုင်းပြည်က ဘယ်လိုဦးတည်ပြီး သွားမလဲ။ စိုက်ပျိုးရေးဘက်ကို ဦးတည်ပြီးသွားမလား။ နည်းပညာဘက်ကို ဦးတည်ပြီးသွားမလား။ ပညာရေးဘက်ကို ဦးတည်ပြီးသွားမလား ဘယ်ကဏ္ဍကို ကျွန်တော်တို့က အရင်ဆွဲတင်မလဲဆိုတဲ့ ဟာကို ကျွန်တော်တို့တိုင်းပြည်ရဲ့ တခြားနိုင်ငံတွေနဲ့ယှဉ်နိုင်တဲ့ ကဏ္ဍတစ်ခုကို ရွေးချယ်ပြီးတော့မှ ကဏ္ဍတစ်ခုသို့မဟုတ် ကဏ္ဍများကို ရွေးချယ်ပြီးတော့မှ ကျွန်တော်တို့က အဲဒီကဏ္ဍတွေမှာ ပိုပြီးတော့မှ မဟာဗျူဟာကျကျ ပံ့ပိုးပေးတာမျိုးကိုလည်း ကျွန်တော်တို့ဖြစ်စေချင်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ ဆိုလို့ရှိရင် နှစ်စဉ်ဘဏ္ဍာငွေကို ပညာရေးအတွက် တိုးတိုးပြီးတော့သုံးလာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အရမ်းလည်း အားရကျေနပ်ဖွယ်ကောင်းပါတယ်။ ဒါပေမဲ့ ဘာတွေ့ရသလဲဆိုတော့ ကဏ္ဍတော်တော်များများမှာ ပညာရေးဆိုလို့ရှိရင်လည်း ပညာရေးရဲ့အဓိကအသုံးစရိတ်တွေက စာသင်ကျောင်းဆောက်ဖို့တွေ ဖြစ်နေတယ်။ Teaching Facility လိုဟာမျိုးအတွက်ကိုကျတော့ အများကြီးနည်းနေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ ချေးငွေ စီမံခန့်ခွဲမှုပါ။ နိုင်ငံတကာကချေးငွေတွေ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကို လာလာတင်တဲ့ အခါမှာ ကျွန်တော်ကြည့်ရသလောက်က ချေးငွေတွေရဲ့ အဓိကဦးစားပေးက Infrastructure ပိုင်းပါ။ တည်ဆောက်ရေးလုပ်ငန်းတွေကို အဓိကဦးစားပေးပါတယ်။ ဝန်ကြီးဌာနအသီးသီးရဲ့ တည်ဆောက်ရေး

လုပ်ငန်းတွေ ဖြစ်ပါတယ်။ တခြားကဏ္ဍတွေလည်းရှိပါတယ်။ စိုက်ပျိုးရေးတို့၊ သဘာဝဘေးတို့၊ ဝန်ထမ်းတွေရဲ့အရည်အချင်းမြှင့်တင်ရေးတို့ရှိပါတယ်။ ဒါပေမဲ့လည်းပဲ ကျောင်းသားတွေရဲ့ သင်ယူမှုကိုလွယ်ကူစေမယ့် Equipment တွေ၊ Facility တွေကိုသာ ကျွန်တော်တို့နိုင်ငံမှာ အခုဟာက ရာခိုင်နှုန်းကို တော်တော်မြှင့်ပြီးတော့မှ သုံးစွဲထားတာဖြစ်ပါတယ်။ ဒီထက်ကိုထပ်ပြီး မြှင့်လို့ မရတော့ဘူး၊ ပိုက်ဆံမရှိတော့ဘူးဆိုရင် ဒီလိုချေးငွေမျိုးနဲ့ရော ဖြည့်ဆည်းလို့မရနိုင်ဘူးလား ဆိုတာမျိုးလေး အကြံပြုခြင်းဖြစ်ပါတယ်။

ဒါကတော့ ဝန်ကြီးဌာန Website မှာတင်ပြထားတဲ့ တက္ကသိုလ်အရေအတွက်တွေနဲ့ အခြား ဝန်ကြီးဌာနတွေအောက်က တက္ကသိုလ်တွေဖြစ်ပါတယ်။ တက္ကသိုလ်တွေက အများကြီးဆောက်ကြ တယ်။ ဆောက်ပေမဲ့လည်းပဲ တချို့တက္ကသိုလ်တွေမှာက Facility တွေပါ သင်ကြားမှုအရည်အသွေး တွေက တန်းပြီးမလိုက်နိုင်ဘူး။ ကျောင်းဆောင်ကြီးကိုသာ အရင်ဆောက်လိုက်ကြတယ်။ ကျောင်း တစ်ဆောင်ဆောက်တော့မယ်ဆိုလို့ရှိရင် လိုအပ်တဲ့အချက်အလက်တွေ ပြည့်စုံမှသာလျှင် တက်ရောက် တဲ့ကျောင်းသားတွေ မနစ်နာအောင် သင်ကြားပေးနိုင်မှာဖြစ်ပါတယ်။ Facility မရှိဘဲနဲ့ ကျောင်းတွေ ကိုဖွင့်ပြီးတော့မှ ဆောက်နေမယ်ဆိုလို့ရှိရင် ကျောင်းအရေအတွက်ဘယ်လောက်များများ အဆင်ပြေ မှာမဟုတ်ပါဘူး။ ရန်ကုန်၊ မန္တလေးကကျောင်းတွေက ပိုပြီးတော့ သူများထက်ပြည့်စုံပါတယ်။ ဒါပေမဲ့ လည်းပဲ နယ်ကကျောင်းတွေဆိုလို့ရှိရင်တော့ ပိုဆိုးပါတယ်။ ကျွန်တော်အကြံပြုချင်တာကတော့ ဒီအချက်လေးတွေပါ။ နိုင်ငံတကာချေးငွေနဲ့ ဖြစ်နိုင်မယ်ဆိုရင် ပြောသွားတဲ့အချက်တွေပါပဲ။ ဒီ Facility ကို လိုအပ်လို့ရှိရင် လိုအပ်သလောက် ဆောင်ရွက်ပေးစေချင်ပါတယ်။ ဖြည့်ဆည်းပေးစေချင် ပါတယ်။ သင်ထောက်ကူပစ္စည်းတွေလည်း လက်တွေ့သင်ကြားတဲ့အခြေအနေလည်း ပိုပေးစေချင်ပါ တယ်။ ပညာသင်ယူမှုအတွက် ကောင်းမွန်တဲ့ပတ်ဝန်းကျင်တွေလည်း ဖန်တီးပေးစေချင်ပါတယ်။ ဒီအချက်တွေကို ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ နိဂုံးမချုပ်ခင်လေးမှာ ကျွန်တော့်အနေနဲ့ အမှားပြင်ဆင်လိုတာက Typing Error တစ်ခုရှိပါတယ်။ ကျွန်တော်အဆိုတင်သွင်းစဉ်မှာ အဆိုထဲမှာ ပါတဲ့ စာတွေ့၊ လက်တွေ့မျှတစေရန်ဆိုတဲ့နေရာမှာ စာတွေ့များကဆိုတဲ့ များကပုဒ်ကလေးကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ခွင့်တောင်းခံလိုပါတယ်။ တောင်းခံရင်းနဲ့ ဒီအဆိုကို လေးစားစွာ တင်သွင်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဇော်အောင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်ဖြစ်ပြီး ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုထောက်ခံဆွေးနွေးတာက အဆိုရှင်ရဲ့ မြန်မာကျောင်းသားကျောင်းသူများအပေါ် နိုင်ငံတကာ အဆင့်မီပညာတတ်မြောက်စေလိုတဲ့စေတနာကို အသိအမှတ်ပြုတဲ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ဟာ လက်ရှိကျောင်းသားကျောင်းသူတွေအပေါ်မှာ အများကြီးမူတည်နေတယ်ဆိုတာကို ယုံကြည်လို့ပဲဖြစ်ပါတယ်။ လက်ရှိပြည်ထောင်စုအစိုးရဟာ ပညာရေးကို ဘယ်လောက်အလေးထားတယ်ဆိုတာ ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေမှု၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့ ကြိုးပမ်းချက်တွေနဲ့ပညာရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေကိုကြည့်ရင် သိသာပါတယ်။ ပညာရေးမှာ ယခင်က သုံးရာခိုင်နှုန်း၊ လေးရာခိုင်နှုန်းပဲ သုံးရာကနေ ယခုဆိုလို့ရှိရင် ၈.၈ ရာခိုင်နှုန်းအထိ ခွဲဝေချပေးထားတာကိုကြည့်ရင် ပညာရေးကိုအားစိုက်တာကို ပေါ်လွင်စေပါတယ်။ အမျိုးသားပညာရေးကော်မရှင်ကလည်း အရည်အသွေးမီပညာရေးဖြစ်စေဖို့၊ ပညာရေးမူဝါဒများ မှန်ကန်စေရေး၊ ထိန်းမတ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်များဖွင့်နိုင်ရေးအတွက် အကြံပြုစာရွက်စာတမ်းများရေးသားခြင်း၊ သင်ရိုးညွှန်းတမ်းကောင်းများ ပေါ်လာစေရန်ကြိုးပမ်းခြင်း စသည်တို့ဆောင်ရွက်နေသလို ပကတိအခြေအနေများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အတွင်း ဝေဖန်အကြံပြုခြင်းများကိုလည်း ဖြည့်ဆည်းနိုင်အောင်ကြိုးပမ်းနေတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ သို့သော် ပညာရေး အခြေအနေတိုးတက်ဖို့၊ နိုင်ငံတကာနှင့်ယှဉ်တဲ့ပညာရေးဖြစ်ဖို့ အများကြီးကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက BNSC ဘွဲ့ရ သူနာပြုဆရာမတစ်ယောက်ဟာ ဖွံ့ဖြိုးပြီးအချို့နိုင်ငံတွေသွားအလုပ်လုပ်တဲ့အခါမှာ သူနာပြုအကူအဖြစ်ပဲ အလုပ်ဝင်ရတယ်ဆိုတာမျိုး၊ အင်ဂျင်နီယာချင်းအတူတူ မြန်မာနိုင်ငံကအင်ဂျင်နီယာနဲ့ တခြားဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုက အင်ဂျင်နီယာနဲ့ယှဉ်ရင် မြန်မာနိုင်ငံအင်ဂျင်နီယာကို သူများလောက်မတတ်ဘူးလို့ အထင်ခံရတာမျိုးတွေ ကြားသိနေရတဲ့အခါမှာ အင်မတန်စိတ်မကောင်းစရာဖြစ်ရပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ စာတတ်မြောက်မှု

နှုန်းကမြင့်ပါတယ်။ ဒါပေမဲ့ ဘွဲ့ရပြီး မိမိရဲ့ Major နဲ့ပတ်သက်တဲ့ အသိပညာကိုရတဲ့ဘွဲ့နဲ့အညီ လုံလုံလောက်လောက်မရှိကြတဲ့သူတွေလည်း အများကြီးရှိပါတယ်။ ကျောင်းသားတွေကလည်း ကျောင်းပြီးသွားကြတော့ ရတဲ့ဘွဲ့နဲ့ဆိုင်တဲ့အလုပ်ကို လုပ်ဖို့မဝံ့ရဲကြပါဘူး။ ဒါ့ကြောင့် သင့်ရာအလုပ်ကို ဝင်လုပ်ရင်း ဘွဲ့ကသက်သက် အလုပ်ထဲရောက်မှ သင်တဲ့ကျွမ်းကျင်မှုကသက်သက် ဖြစ်လာပါတယ်။ ဒီအခြေအနေကို ကျော်လွှားဖို့ဆိုရင် ကျွန်တော်တို့က နိုင်ငံတကာအသီးသီးမှာရှိနေတဲ့ တက္ကသိုလ်တွေကို နမူနာယူပြီး သင်ကြားနည်းစနစ်တွေပြောင်းရပါမယ်။ သူများတက္ကသိုလ်တွေကသုံးတဲ့ သင်ကြားနည်း၊ အထောက်အကူပြုပစ္စည်းကိရိယာတွေကို လေ့လာပြီး ကိုယ့်ဆီမှာဖြည့်ဆည်းရပါမယ်။ နည်းပညာတက္ကသိုလ်တွေမှာဆိုရင် မေဂျာအများကြီးရှိပြီးတော့ မြို့ပြဆိုမြို့ပြ၊ စက်မှုဆိုစက်မှု၊ လျှပ်စစ်ဆိုလျှပ်စစ်၊ နိုင်ငံတကာတက္ကသိုလ်တွေမှာသုံးတဲ့ အထောက်အကူသုံးပစ္စည်းတွေ သုံးနိုင်စေချင်ပါတယ်။ အင်ဂျင်နီယာတွေက အလုပ်ထဲကျမှလုပ်ငန်းကိုပိုပြီး ကျွမ်းကျွမ်းကျင်ကျင်ဖြစ်လာကြတာတော့ ဒါကတော့ သဘာဝပါပဲ။ ဒါပေမဲ့ ဘွဲ့ရတဲ့အချိန်မှာ လုံလောက်တဲ့အသိပညာနဲ့ အတက်ပညာပိုင်းတွေပါသွားဖို့ လိုအပ်ပါတယ်။ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေဟာ တက်ရောက်သူဦးရေများပြီး ဘွဲ့ရဖို့ကို အဓိကရည်ရွယ်ပါတယ်။ သမိုင်းဘွဲ့ရဆို သမိုင်းနဲ့ပတ်သက်တဲ့ မူရင်းစာတမ်းတွေဖတ်ခိုင်းပြီး စာတမ်းပြန်ရေးခိုင်းတာမျိုး၊ ဟောပြောခိုင်းတာမျိုးတွေ လုပ်ခိုင်းမယ်ဆိုရင်ပိုပြီး သမိုင်းနဲ့ပတ်သက်တဲ့ ဗဟုသုတ အသိအမြင်ကျန်မယ်ထင်ပါတယ်။ အဆိုရှင် တင်ပြသွားသလိုပဲ သင်ထောက်ကူပစ္စည်းတွေဟာ ဈေးကြီးပြီး စာသင်ကျောင်းအားလုံးကို ဖြည့်ဆည်းပေးနိုင်ဖို့ဆိုရင် နိုင်ငံတော်ပုံမှန် ဘဏ္ဍာငွေခွဲဝေမှုကပဲဖြစ်ဖြစ်၊ နိုင်ငံတကာချေးငွေရယူမှုပဲဖြစ်ဖြစ် အလျင်အမြန်ဖြည့်ဆည်းပေးသင့်ကြောင်း ထောက်ခံဆွေးနွေးပါတယ်။ ပညာရေးဟာ ကျွန်တော်တို့ရဲ့ အနာဂတ်ပါ။ ကျောင်းသားကျောင်းသူတွေဟာ ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပါ။ သုတေသနကျောင်းတွေလို တစ်ကျောင်းစ၊ နှစ်ကျောင်းစကို ပြည့်စုံအောင်ဆောင်ရွက်ပေးခြင်းဟာ တိုင်းပြည်အတွက် အဖြေမဟုတ်ပါဘူး။ အဲဒီကျောင်းတွေတက်ရတဲ့ကျောင်းသားတွေနဲ့ တခြားကျောင်းတက်ခွင့်ရတဲ့ကျောင်းသားတွေနဲ့ ပညာရေးမညီမျှမှု ဖြစ်စေပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ပြောလိုတာက စာတမ်းတင်ဖို့လိုအပ်တဲ့ဘာသာရပ်တွေကို စာတမ်းတင်ခြင်း၊ သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းပေးခြင်း၊ အလုပ်သင်ဆင်းဖို့လိုအပ်တဲ့ဘာသာရပ်တွေကို အလုပ်သင်ဆင်းစေခြင်းစသည်တို့ဆောင်ရွက်ပြီး အဆင့်မြင့်ပညာကဏ္ဍတိုးတက်အောင် ဆောင်ရွက်ပေးပါရန် အကြံပြု

ပြောကြားရင်း ဦးမျိုးဇော်အောင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဦးမျိုးဇော်အောင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်ကတင်သွင်းသော ပေးအပ်သောဘွဲ့နှင့်လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်ရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့၊ လက်တွေ့ မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၆-၅-၂၀၁၉ ရက်(တနင်္လာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်က မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ အကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်း ဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက် ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်က အဆိုတစ်ရပ်တင်သွင်းထားပါတယ် ဦးအောင်သိုက်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းသွားမည့်အဆို ကတော့ မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက် ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းမှာ သမိုင်းဘာသာသင်ကြားရေးကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ သမိုင်းဘာသာနှင့် ပထဝီဘာသာကို ၁၉၄၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ကောင်းစွာသင်ကြားခဲ့ကြ ရပါတယ်။ ၂၀၀၁ ခုနှစ်မှ ယနေ့အထိ သမိုင်းဘာသာနှင့် ပထဝီဘာသာသင်ကြားချက်များ အားနည်း သွားတာကို လေ့လာသိရှိရပါတယ်။ သမိုင်းဘာသာရပ်ကို သင်ကြားရခြင်းမှာ မအအောင်လို့ သင်တာ လို့သမိုင်းဘာသာရှင် ဒေါက်တာသန်းထွန်းက ပြောကြားသွားခဲ့ပါတယ်။ သမိုင်းကိုသိမှ သမိုင်းကို ချစ်မည်။ သမိုင်းကို ချစ်လျှင် လူမျိုးကိုလည်း ချစ်မည်။ နိုင်ငံတစ်နိုင်ငံရဲ့ အတိတ်သမိုင်းဖြစ်ရပ်တွေကို သေသေချာချာနားလည်မှ ယခုပစ္စုပ္ပန်တွင် အတိတ်ကအမှားတွေကို သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံ တော်ကြီး မှန်မှန်ကန်ကန်တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။ သမိုင်းမသိဘဲ ဆင်ကန်းတောတိုး နိုင်ငံကိုတည်ဆောက်၍ မရနိုင်ပါ။ ဒါကြောင့်ကျောင်းသားကျောင်းသူများကို အနာဂတ်နိုင်ငံတော် အတွက် သမိုင်းဘာသာသင်ယူရေးကို အလေးထားတင်ပြနေရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းဆိုတာ လွန်လေပြီးသောကိစ္စဆိုပေမဲ့ စီးနေတဲ့ရေအလျင်ကို ဘယ်နေရာမှာ ပိုင်းဖြတ်မည်ဆိုပြီး တိကနဲပိုင်းဖြတ်၍မရနိုင်သလို အတိတ်သမိုင်းဟာ ယခုပစ္စုပ္ပန် ရဲ့ သမိုင်းဖြစ်ပါတယ်။ ၁၉၄၆-၁၉၄၇ ခုနှစ်မှာ အကောင်းဆုံးကျောင်းသုံးစာအုပ်ချီးမြင့်ခြင်းခံရတဲ့ လောကီထုပ်ပတ်လူတို့ဇာတ်သမိုင်းကို ပြုစုရေးသားသူ မြို့မကျောင်းဆရာကြီး ဦးစံထွားက သမိုင်း တတ်မှ ပဋိတလို့ဆောင်ပုဒ်ထားခဲ့ပါတယ်။ သမိုင်းမှကင်းဝေးသောနိုင်ငံရေးသည် အခြေအမြစ်မရှိ နိုင်ငံရေးနှင့် ကင်းသောသမိုင်းသည်လည်း အမြုတေအနှစ်မပြည့်လူငယ်များသည် ပြည့်မျက်လုံး များဖြစ်သလို ပြည့်လက်ရုံးများလည်းဖြစ်သည်ဟု သမိုင်းပညာရှင်များက ဆိုလာပြန်ပါတယ်။ ကျောင်းသားကျောင်းသူလူငယ်များကို အခြေခံမှစ၍ တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်စိတ်ဖြစ်ရန်၊ သမိုင်းကို သမိုင်းဆရာများမှလည်း စနစ်တကျသင်ကြားပေးရမှာဖြစ်ပါတယ်။ သမိုင်းသင်သောဆရာ များကလည်း မြန်မာလူမျိုးတို့သည် မြန်မာ့သမိုင်းမှာအနော်ရထာဘုရင်ကစပြီး ဗိုလ်ချုပ်အောင်ဆန်း အထိ နှစ်ပေါင်း ၉၀၃ နှစ်အတွင်းမှာ နှစ်ပေါင်း ၇၀ လောက်သာ မြန်မာတွေစည်းလုံးခဲ့ကြပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဟာ အင်အားကြီးနိုင်ငံများဖြစ်တဲ့အတွက် မြန်မာနိုင်ငံသည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိနေဖို့ကတော့ လိုအပ်နေပါတယ်။ မြန်မာလူမျိုးတို့ဟာ ကိုယ့်ထီး ကိုယ့်နန်းနှင့် နေထိုင်ကြသူများဖြစ်ပြီး တိုင်းတစ်ပါးသားတို့၏ ကျွန်ဖြစ်ခဲ့ရခြင်းကို ရှပ်ရှပ်ချွံချွံတွန်းလှန် တိုက်ပွဲဝင်ခဲ့ကြပုံ၊ လွတ်လပ်ရေးရအောင် ယူခဲ့ကြပုံများကို ကျောင်းသားကျောင်းသူများနှလုံးသားထဲ တွင်စွဲထင်အောင် သမိုင်းဆရာကြီးများ သမိုင်းဆရာများက သင်ကြားပေးရပါမယ်။ သို့မှသာ ကျောင်းသားကျောင်းသူများ နောင်တစ်ခေတ်မှာ ခေါင်းဆောင်ကောင်းများဖြစ်ကာ မိမိလူမျိုးနှင့် မိမိ နိုင်ငံကို အမှန်တကယ် အသက်ပေးကာကွယ်သူများဖြစ်လာကြမည်ဖြစ်ပြီး မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကြီးထွားလာနိုင်မှာ ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် သမိုင်းဘာသာရပ်ကို အခြေခံပညာအလယ်တန်းတွင် စိတ်ပါဝင်စားစွာ လေ့လာသင်ယူနိုင်ရေးကို နိုင်ငံတော်တွင်လည်း အထူးတာဝန်ရှိပါတယ်။ သို့မှသာ နောက်တစ်ခေတ်မှာ ခေါင်းဆောင်ဖြစ်မည့် လူငယ်လူရွယ်များ မအေတော့ဘဲ ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်းအနေဖြင့် ပထဝီဘာသာသင်ကြားရေးကို ဆွေးနွေးသွားပါမယ်။ ပထဝီဘာသာရပ်ဟာ ဘယ်လောက်အရေးကြီးသလဲဆိုရင် နိုင်ငံကြီးများကြားမှာ သေးငယ်သော နိုင်ငံ ရှိနေပါက ၎င်းနိုင်ငံများက အချင်းချင်းမညီညွတ်ဘူးဆိုရင် ယင်းနိုင်ငံပျက်စီးမည်သာဖြစ်ပါတယ်။

ဥပမာ- ပိုလန်နိုင်ငံကိုကြည့်ပါ။ အချင်းချင်း သူတစ်လူငါတစ်မင်းနဲ့ မညီညွတ်ကြသောကြောင့် အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ရုရှား၊ ပရုရှား၊ ဩစတေးလျနိုင်ငံတို့က ပိုလန်ကိုအသားတစ်သဖွယ် အပိုင်းပိုင်းလှီးဖြတ်၍ ခွဲဝေယူခြင်း အကြိမ်ကြိမ်ခံခဲ့ရပါတယ်။ ရုရှားနှင့် ဂျာမန်တို့ကလည်း လက်ဝါးရိုက်ကာ ပိုလန်ကို တစ်ပိုင်းစီပိုင်းယူခဲ့ကြပါသေးတယ်။ ပထဝီဘာသာရပ်ဟာ နေ့စဉ်လူနေမှုဘဝမှာ အရေးပါတဲ့ဘာသာရပ်ဖြစ်ပါတယ်။ မိုးလေးဝသအခြေအနေ နားလည်ခြင်း၊ ကမ္ဘာ့တိုက်ကြီးများ အကြောင်းကို နားလည်ခြင်း၊ မြေပုံကြည့်တတ်ခြင်း၊ မီးတောင်၊ ရေခဲတောင်၊ သမုဒ္ဒရာရေစီးကြောင်း၊ လေတိုက်ခြင်းအကြောင်းများကို သိရှိနားလည်ခြင်းအားဖြင့် ဘဝတစ်သက်တာ အကျိုးရှိစေသော ပညာရပ်ဖြစ်ပါတယ်။

နိုင်ငံခြားသားတော်တော်များများဟာ မြေပုံတစ်ချက်နှင့် ကမ္ဘာပတ်နေတာကို တွေ့မြင်နေရပါတယ်။ မြန်မာကျောင်းသားအများစု မြေပုံကြည့်ပြီးခရီးမသွားတတ်ကြပါ။ ပထဝီဘာသာရပ် အားနည်းမှုကိုပြနေတာပါ။ ကျောင်းဆရာဆရာမများကလည်း ကျောင်းသူကျောင်းသားများကို ပထဝီနှင့်သမိုင်းသင်ချင်လာအောင် တိုက်တွန်းအားပေးခြင်းမရှိရုံမျှမက စိတ်ဓာတ်ကျဆင်းစရာများကို ပြောကြားသည့်အပြင် မိဘများကပင် မသင်စေချင်ကြပါ။ ဒါကြောင့် ပထဝီနှင့်သမိုင်းမသိသော မြန်မာနိုင်ငံသားများ တစ်စတစ်စ များပြားလာပြီး သမိုင်းနှင့်ပထဝီအခြေခံ ဗဟုသုတများ နိမ့်ကျလာတာကို TV Program အစီအစဉ်အပါအဝင် နေရာတကာမှာ တွေ့မြင်လာရတာ ဝမ်းနည်းဖွယ်ရာကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ကျောင်းသားကျောင်းသူများ ပထဝီဘာသာရပ်ကို သင်ကြားခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများအကြောင်း၊ မြစ်တွေအကြောင်း၊ တောတောင်တွေအကြောင်း သိရှိလာမည်ဖြစ်ပါတယ်။ အရှေ့ဘက်မှအနောက်ဘက်ကို စီးသောမြစ်၊ တောင်ဘက်မှ မြောက်ဘက်ကို စီးသောမြစ်တွေ အကြောင်းမသိကြပါဘူး။ တီးတိန်၊ ကျွန်းလှ၊ တကောင်းနှင့် ကွတ်ခိုင်မှ လူငယ်တွေဟာ သူတို့ခေါင်းပေါ်ကနေ ဥက္ကာယာဉ်တန်းဖြတ်သွားတယ်ဆိုတာ မသိကြပါဘူး။ အဲဒီ ပထဝီမတတ်လို့ မသင်ခဲ့ကြလို့ပါ။ ပထဝီဝင်ဘာသာရပ်ဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးကြောင်း ဖော်ပြနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယကမ္ဘာစစ်အပြီး တရုတ်၊ ဗီယက်နမ်အစိုးရ ထုတ်ဝေထားတဲ့ တံဆိပ်ခေါင်းမှာ မြန်မာပြည်မြောက်ပိုင်းဟူးကောင်းတစ်ပိုင်းလုံးကို တရုတ်ပြည်ရဲ့ပိုင်နက်အဖြစ် ဖော်ပြတာ

တွေ့ရှိရမှာပါ။ မြန်မာဝန်ကြီးချုပ် ဦးနုက လွတ်လပ်စွာမြန်မာပြည်ရဲ့ ပြဿနာပေါင်း တစ်သောင်း ခြောက်ထောင်ကြားမှာ ဗျာများနေရပေမဲ့ နယ်ကြားမျဉ်းရဲ့အရေးကြီးပုံကိုတော့ မေ့မထားခဲ့ပါဘူး။ ဦးနုတရုတ်ပြည်ရောက်တဲ့အခါမှာ တရုတ်ဝန်ကြီးချုပ် ရှွင်လိုင်းနှင့်အတူ ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလမှာ ထုတ်ပြန်ခဲ့တဲ့ ပူးတွဲကြေညာချက်မှာ မပြီးပြတ်သေးတဲ့ နယ်ကြားမျဉ်းစည်းနယ်ကြားမျဉ်းရေးဆွဲရေး ကိစ္စကို သံတမန်ကြီးများနည်းလမ်းဖြင့်ဖြေရှင်းသွားကြမယ်လို့ ပါရှိပါတယ်။ ဒီရောက်တော့ ဝန်ကြီးချုပ်ဦးနု၊ ဒုတိယဝန်ကြီး ဦးဘဆွေတို့ဟာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်မီတာပါနှင့် ကူမင်တန်မြို့တွေမှာ အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ကြပါတယ်။ ၁၉၅၃ ခုနှစ် ဖဆပလနှစ်ခြမ်းကွဲလို့ ဦးနုနှင့် ဘဆွေတို့ပါတီချင်း၊ ဝါဒချင်း၊ မူဝါဒချင်း မတူကြပေမဲ့ နိုင်ငံ့အတွက် အရေးပါတဲ့မူဝါဒတွေမှာ ကွဲလွဲချက်တွေ နည်းပါးခဲ့တာကြောင့် တရုတ်-မြန်မာ နယ်ခြားမျဉ်းကိစ္စမှာ နှစ်ပါတီသဘောတူညီမှုကို ဦးနုကရယူနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အားလုံး သတိရှိနေဖို့က လိုအပ်နေပါပြီ။ မြန်မာ့ပထဝီ၊ ကမ္ဘာ့ ပထဝီကို ကျွမ်းကျွမ်းကျင်ကျင်သိထားဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံပဲနေနေ လူသားများတွင် ကိုယ့်နိုင်ငံကိုယ့်လူမျိုးရဲ့ သမိုင်းကြောင်းနှင့် လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အရင်းအမြစ်သမိုင်း ကြောင်းကို သိထားသင့်ပါတယ်။ ပထဝီဘာသာရပ်ဆိုရင်လည်းပဲ ကိုယ်နိုင်ငံရဲ့ဒေသန္တရ ပထဝီနှင့် ကိုယ့်နိုင်ငံရဲ့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပတ်သက်နေတဲ့ ကမ္ဘာ့နိုင်ငံများရဲ့ ဒေသန္တရ ပထဝီ ကိုလည်းပဲ သိသင့်ပါတယ်။ လက်ဘရောရေးစီးကြောင်းကြောင့် အမေရိကတိုက်ကြီး ခါးသိမ်ပြီး မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့ရဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုတာတွေ ဆန့်ကျင်ကွဲပြားသွားတာကို လေ့လာရင်ပထဝီဘာသာရဲ့ ဩဇာကြီးမားပုံကိုသိချင်ပါလိမ့်မယ်။ ယနေ့ ကမ္ဘာတွင် နည်းပညာပိုင်း၌ ထိပ်တန်းက ဖွံ့ဖြိုးတိုးတက်နေသာ မဟာဗျူဟာမြောက်လက်နက်များ ပိုင်ဆိုင်ထားကြသော ကမ္ဘာ့နိုင်ငံများသည် လူ့ဘောင်လောကကြီး မပျက်သုဉ်းသွားစေရေးအတွက် နှလုံးသားဖြင့် ညှိနှိုင်းနေရသည့်ပညာသည် အသိအလိမ္မာ ဝိဇ္ဇာဘာသာရပ်ပင်ဖြစ်ပါတယ်။ မျိုးချစ်စိတ် ရှိသည့် မြန်မာနိုင်ငံသူ နိုင်ငံသားများဟာ ကိုယ့်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ၏ သမိုင်းဘာသာနှင့် ပထဝီဘာသာကို လေ့လာကြဖို့ အထူးလိုအပ်လှပါတယ်။ ဒါကြောင့် အမှောင်ကျအတိတ်ကမ္ဘာ နိုင်ငံ မချစ်၊ အမျိုးမသိ၊ အသိတွေဝေဝါး၊ အစဉ်ထားစိတ်ဓာတ်မြင့်စေ ရဲရင့်စမ်းကွဲ့တို့လူငယ်တွေ တောပြန်နှင်း တောင်ပြန်နှင်း တွင်းထွက်ရတနာတွေ မပြတ်ပြန်းရလေအောင် သင်ကြားစို့လေ ပထဝီနှင့် သမိုင်းပေလို့

ပြောကြားရင်းကျွန်တော့်ရဲ့အဆိုကို လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းလိုက်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိုက်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်၏အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာရှိတဲ့လူသားတိုင်းဟာ မိမိနေထိုင်ရာ ကမ္ဘာကြီးရဲ့သမိုင်းကို သေချာကျနစွာသိရှိဖို့လိုအပ်သလို မိမိမွေးဖွားရာ အမိနိုင်ငံတော်ရဲ့ နောက်ကြောင်းသမိုင်းရာဇဝင်ကိုလည်း လေ့လာသင်ကြားတတ်မြောက်ဖို့လည်း လိုအပ်ပါတယ်။ ယနေ့ခေတ်မှာ အသက်ရှင်နေထိုင်ကြတဲ့ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးများအားလုံးဟာ ပစ္စုပ္ပန်ကာလသာမက အနာဂတ်ကိုပါ ထုဆစ်ပုံဖော်ကြမယ့်သူများလည်းပဲ ဖြစ်ပါတယ်။ ဒီအခါမှာ ကိုယ့်နိုင်ငံရဲ့တည်ရှိနေတဲ့ပထဝီအနေအထားနဲ့ ရင်ဆိုင်ကြုံတွေ့ဖြတ်သန်းခဲ့ကြရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးသမိုင်းကြောင်းများဟာ အလွန်အင်မတန်အရေးပါတဲ့ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ဒီလိုအရေးပါလှတဲ့အတွက်လည်း ကျွန်တော်တို့ရဲ့ရင်သွေးငယ်များ၊ အနာဂတ်လူ့စွမ်းအား အရင်းအမြစ်များဟာ သမိုင်းဘာသာရပ်နှင့် ပထဝီဘာသာရပ်များကို စနစ်တကျ ထဲထဲဝင်ဝင်၊ နက်နက်နဲနဲ သိရှိတတ်မြောက်စေဖို့နဲ့ စိတ်ပါဝင်စားလာစေဖို့ ကမ္ဘာ့အလယ်မှာတတ်သိကျွမ်းကျင်သော ပညာရှင်များဖြစ်လာစေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့အဆိုရှင်က ယခုအဆိုကို တင်သွင်းခဲ့တယ်လို့ ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ပညာသင်ကြားရေးနဲ့ ဘာသာရပ်အလိုက် လေ့လာရေးစနစ်ဟာ ၁၉၄၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ၁၈ နှစ်တာကာလမှာ နိုင်ငံတကာနဲ့ ယှဉ်နိုင်တဲ့အဆင့်မှာရှိခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို နှစ်ကြိမ်ဆက်တိုက်တာဝန်ပေးခံရတဲ့ ဦးသန့်၊ ဘူမိဗေဒပါရဂူ ဒေါက်တာသာလှ၊ ပထမဆုံး ရန်ကုန်

တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာထင်အောင်၊ သမိုင်းနှင့် ရှေးဟောင်းသုတေသနပါမောက္ခ ဒေါက်တာနိုင်ပန်လှ၊ သားဖွား/မီးယပ်ပါမောက္ခ ဒေါက်တာနော်မန်လှတို့ဆိုတာ ကြားဖူးကြမယ်လို့ ထင်ပါတယ်။ ဒါ့အပြင် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ မြန်မာ့ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဆိုတာ သမိုင်းမှာ အထင်ကရရှိနေသောပုဂ္ဂိုလ်ကြီးများ ဖြစ်ပါတယ်။ လောကမှာ ဝိဇ္ဇာ/သိပ္ပံဆိုတဲ့ အသိပညာ၊ အတတ်ပညာ နှစ်မျိုးဟာ ဒွန်တွဲနေပါတယ်။ အတတ်ပညာရှိပြီး အသိပညာမရှိရင်လည်း အလကားပါပဲ။ ဥပမာအားဖြင့် တက္ကသိုလ်ဝန်ထမ်း ပြဋ္ဌာန်းချက်မှာပါတဲ့ Too much knowledge make at Fool အတတ်ကျူးရင်လည်းပဲ အရူးဖြစ် တတ်ပါတယ်။ ဒါကြောင့် ရှင်မဟာရဋ္ဌသာရ၏ဆုံးမစာမှာ ဝိဇ္ဇာ သိပ္ပ လူ့ကိစ္စဆိုပြီး ကဗျာများဖြင့် ရေးဖွဲ့ သီကုံးခဲ့တယ်လို့ မှတ်သားရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ရင်သွေးငယ်များရဲ့ အနာဂတ်ဘဝ လမ်းမှာ သမိုင်းသိစေဖို့၊ မိမိတိုင်းပြည်ရဲ့ရေမြေတောတောင်သဘာဝတွေကို သိရှိနိုင်စေဖို့၊ အခြေခံ ပညာ အလယ်တန်းအဆင့်မှာ ယခုထက်ပိုမို၍ထိရောက်စွာ သင်ကြားစေချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပစ္စုပ္ပန်နဲ့အနာဂတ်ဟာ ပညာရေးပေါ်မှာ အမှီသဟဲရှိနေခြင်း ကြောင့် အခြေခံပညာသင်ကျောင်းသားကျောင်းသူများရဲ့ သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်ပြီး ရှေးခေတ် ဘုန်းတော်ကြီးကျောင်းပညာရေးမှစပြီး ယနေ့မျက်မှောက်ခေတ်ပညာရေးအထိ သင်ရိုးမာတိကာ အမျိုးမျိုး၊ သင်နည်းအစုံစုံ၊ စစ်ဆေးနည်းအမျိုးမျိုးတို့ဖြင့် စမ်းသပ်ခဲ့ကြပါတယ်။ ကျောင်းသားလူငယ် များ အလယ်တန်းအဆင့်မှ လေ့လာသင်ယူခဲ့ရတဲ့သမိုင်းဘာသာရပ်၏သက်ရောက်မှုဟာ အနာဂတ် အမိနိုင်ငံတော်ကြီးရဲ့ ကမ္ဘာကြီးအတွက်ကြီးမားလှပါတယ်။ ဒါကြောင့် ကျောင်းသားထုဟာ မြန်မာ၏ သမိုင်းကြောင်းသာမက ကမ္ဘာ၏နောက်ကြောင်းရာဇဝင်တွေကိုပါ စိတ်ဝင်စားသိရှိနားလည်ရမှာ ဖြစ်ပါတယ်။ တစ်စပ်တည်းမှာပဲ သမိုင်းအဖြစ်အပျက်များဟာ နိုင်ငံတိုင်းရဲ့ပထဝီအချက်အလက်များနဲ့ လည်း ဆက်နွှယ်နေတာကို တစ်ပြိုင်တည်းသိစေဖို့ သင်ကြားပေးသင့်ပါတယ်။ ကမ္ဘာ့သမိုင်းရဲ့ထင်ရှား လှတဲ့ ကမ္ဘာ့စစ်ကြီးများဟာ ပထဝီဝင်အချက်တွေဖြစ်တဲ့ နိုင်ငံများရဲ့တည်နေရာ၊ အကျယ်အဝန်းအရ နယ်ချဲ့လိုမှု၊ စီးပွားရေးအရ လက်ဝါးကြီးအုပ်လိုမှု၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝ သယံဇာတများကို တပ်မက်မှု၊ လူဦးရေ လူမျိုးများအရ အုပ်စိုးမှုဆိုတဲ့ဆက်စပ်မှုတွေကို ကျောင်းသား ကျောင်းသူများဆက်နွှယ်နားလည်စေရေး သင်ရိုးများမှာပါဝင်သင့်ကြောင်း ဆွေးနွေးလိုပါတယ်။ ခေတ်များ၊ စနစ်များပြောင်းလဲမှု၊ တိုးတက်မှု၊ ကောင်းမွေ၊ ဆိုးမွေကိုလည်း သမိုင်းစာပေ အထောက်

အထားများမှ လေ့လာသိရှိနိုင်ကြမှာဆိုတာ အသေချာဆုံးအချက်ပါ။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းအစပိုင်း သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်၊ နောက်ပိုင်း ဘုရင်စနစ်၊ စည်းမျဉ်းခံဘုရင်စနစ်၊ သူ့ကျွန်ဘဝအုပ်ချုပ်မှုစနစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့် လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့် အသက်ပေးခဲ့ကြတဲ့ မြန်မာနှင့် တိုင်းရင်းသားခေါင်းဆောင်များအကြား ထိုသူများရဲ့အရည်အချင်း ကောင်းများနဲ့ ဇွဲ၊ လုံ့လ၊ ဝရိယအကြောင်းများကို သင်ကြားရမှာဖြစ်ပါတယ်။ ဒါမှသာ လူငယ်များအတွက် အတုယူအားကျဖွယ်နမူနာကောင်းများ ရရှိမှာဖြစ်ပါတယ်။ ဒါတွေသင်ကြားခြင်းအားဖြင့် နိုင်ငံကိုအုပ်ချုပ်တဲ့စနစ်များရဲ့ ကောင်းကျိုးဆိုးပြစ်များကိုလည်း ဝေဖန်ပိုင်းခြားနိုင်ကြမှာလည်း ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်နဲ့ စနစ်နောက်ပိုင်းအာဏာသိမ်းယူမှုများ၊ ဆိုရှယ်လစ်စနစ်ရဲ့ အားနည်းချက်များ၊ အားသာချက်များ၊ အာဏာရှင်စနစ်ဆိုးများကြောင့် ပြည်သူများ၏နစ်နာခဲ့ရမှု၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျခဲ့ရပြီး ကမ္ဘာ့အလယ်မှာမျက်နှာမွဲခဲ့ရမှုများဟာလည်း ယနေ့လူငယ်တို့ မဖြစ်မနေသိရှိရမယ့် သမိုင်းအချက်အလက်များပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းကိုလေ့လာရင် လူသားအစ ပရိုင်းမိတ်မှသည် သမိုင်းဦးပုံပြင်ခေတ်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ကျွန်ပိုင်ရှင်စနစ်အကြောင်းများလည်း သိရှိပြီး လူသားချင်းကိုယ်ချင်းစာနာမှုများ မွေးမြူနိုင်ကြမှာ ဖြစ်ပါတယ်။ နောင်ပိုင်းစက်မှုတော်လှန်ရေးများဟာလည်း ချန်ထားလို့မရပါဘူး။ ယနေ့ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးဟာ ပြန်လည်လေ့လာသုံးသပ်ရမယ့် ခေတ်စနစ်များဖြစ်ပြီး အနာဂတ်အတွက် သင်ခန်းစာကောင်းများကို ကျောင်းသားလူငယ်များ သိရှိနားလည်ဖို့ လိုအပ်လှပါတယ်။ ကမ္ဘာ့သမိုင်းအချက်အလက်အများစုဟာ နိုင်ငံများရဲ့တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ သဘာဝအရင်းအမြစ်၊ ပင်လယ်၊ မြစ်ချောင်း၊ အင်းအိုင်တည်ရှိမှုများနှင့် ဆက်နွယ်နေလျက်ရှိပါတယ်။ ဒါကြောင့် ကမ္ဘာ့ပထဝီဝင်၊ မြန်မာ့ပထဝီဝင်များကလည်း အလွန်အရေးပါပြီး နိုင်ငံသားတိုင်းသိရှိနားလည်ကြရမှာပါ။ စနစ်တကျသင်ကြားပေးနိုင်မှုဟာလည်း အလွန်အရေးကြီးလှကြောင်း ဆွေးနွေးလိုပါတယ်။ မိမိနိုင်ငံ၏နိုင်ငံရေးပထဝီ၊ စီးပွားရေးပထဝီဝင်များဟာလည်း ဒေသန္တရပထဝီကဲ့သို့ပဲ အခြေခံမှစပြီး နားလည်တတ်ကျွမ်းရမှာ ဖြစ်ပါတယ်။ ယခုလည်း ပထဝီဘာသာရပ်ကို သင်ကြားလျက်ရှိနေပါပြီ။ သို့သော်လည်း ပိုမိုနားလည်ပြီး မှတ်မိကြစေဖို့ လက်တွေ့သင်ကြားမှုများ၊ မြေပုံရေးဆွဲမှုများ၊ ပုံများ၊ Graph များဖြင့် လက်တွေ့သင်ကြားမှုများကို တိုးမြှင့်သင့်သည်ဟု ယူဆမိပါတယ်။

**မူကြမ်း**

နိဂုံးချုပ်အနေဖြင့် သစ်ပင်၊ သစ်တောပေါက်ရောက်မှု၊ မြေအမျိုးအစားများ၊ သဘာဝပတ်ဝန်းကျင်အရေးပါပုံများ၊ ထိန်းသိမ်းရန်လိုအပ်ချက်များနှင့် ရေမြေတောတောင်၊ သစ်ပင်၊ သစ်တောများပြုန်းတီးပါက မြစ်ချောင်းများ တိမ်ကောနိုင်မှု၊ သဘာဝဘေးများဖြစ်တဲ့ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းဖြစ်ပေါ်ရသည့် လေဖိအားနည်းရပ်ဝန်းများအကြောင်း စတဲ့အချက်အလက်တွေဟာ ငယ်စဉ်ကတည်းက သိရှိတတ်ကျွမ်းရမှာ ဖြစ်ပါတယ်။ ဒီလိုသိရှိကြပြီး လက်တွေ့လေ့လာခဲ့ကြမယ်ဆိုရင် ပထဝီဆိုတာစာသင်ရခြင်းဆိုတာထက် ကမ္ဘာမြေကြီးကို အသက်ရှည်အောင် ဆောင်ရွက်ကုစားတဲ့ အခြေခံအချက်တွေဆိုတာကို နားလည်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထဝီဝင်ဘာသာသည်လည်း သမိုင်းဘာသာနည်းတူ အရေးကြီးလှပါကြောင်း ဆွေးနွေးရင်း ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်၏အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးအောင်သိုက်တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်ကတင်သွင်းသော မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သောပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၆-၅-၂၀၁၉ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းကို ၂၇-၂-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါထန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တင်သွင်းသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
## ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၉-၇၃

ရက်စွဲ ၊ ၂ ၀ ၁ ၉ ခု နှစ်၊ ဧ ပြီ လ ၂၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂၇-၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၉- ၁၁၂

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၂-၁၂-၂၀၁၈ ရက်နေ့တွင်စတင်တင်သွင်းခဲ့ပြီး ၂၇-၂-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အခြားအော်ပရေတာများနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း အဖြစ်မှ နိုင်ငံတော်က အရင်းအနှီးအားလုံးပိုင်ဆိုင်ပြီး စီမံခန့်ခွဲရေး၊ ငွေရေး ကြေးရေးနှင့် လုပ်ငန်းကိစ္စများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက် နိုင်မည့် နိုင်ငံတော်ပိုင်ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ရန်၊

(ခ) မြန်မာနိုင်ငံ၏တယ်လီကွန်းဈေးကွက်အတွင်း နိုင်ငံပိုင်အော်ပရေတာ၏ ပါဝင်နိုင်မှု အခန်းကဏ္ဍ မှေးမှိန်ပျောက်ကွယ် မသွားစေရေးအတွက် ရရှိထားသော ဈေးကွက် ဝေစုအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန်၊

(ဂ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် နိုင်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင် ရွက်နိုင်ရန်၊

(ဃ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ပိုမိုတိုးချဲ့နိုင်စေရန်၊

(င) မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဈေးကွက်အတွင်း နိုင်ငံပိုင်အော်ပရေတာအဖြစ် ခိုင်မာစွာရပ်တည်နိုင်ခြင်းဖြင့် ပြိုင်ဘက်အော်ပရေတာများက ဈေးကွက်အား ချုပ်ကိုင်လွှမ်းမိုးမှုကို ကာကွယ်တားဆီးနိုင်စေရန်၊

(စ) နိုင်ငံတော်အစိုးရ၏ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသွင်ကူးပြောင်းဆောင်ရွက်ရန်၊

(ဆ) ပွင့်လင်းမြင်သာမှုရှိသော ပိုမိုကောင်းမွန်သည့် တာဝန်ယူမှု/တာဝန်ခံမှုစနစ် ဖြစ်ပေါ် လာစေရန်၊

(ဇ) ယှဉ်ပြိုင်မှုပြင်းထန်သည့် တယ်လီကွန်းဈေးကွက်တွင် နိုင်ငံတော်ပိုင်အဖွဲ့အစည်း တစ်ခုအနေဖြင့် အောင်မြင်စွာရပ်တည်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ ပြယုဂ်ကောင်း ရရှိနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၂-၄-၂၀၁၉ ရက် တနင်္လာနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ် များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ဥပဒေပြင်ဆင်ချက်ကို အသေးစိတ်ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး

နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ (ကမတ-ဥပဒေကြမ်း) ၁/၂၀၁၉-

ရက် စွဲ ၊ ၂ ၀ ၁ ၉ ခု နှစ်၊ ဧ ပြီ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂၇-၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၉- ၁၁၂

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၂-၁၂-၂၀၁၈ ရက်နေ့တွင်စတင်တင်သွင်းခဲ့ပြီး ၂၇-၂-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အခြားအော်ပရေတာများနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း အဖြစ်မှ နိုင်ငံတော်က အရင်းအနှီးအားလုံးပိုင်ဆိုင်ပြီး စီမံခန့်ခွဲရေး၊ ငွေရေး ကြေးရေးနှင့် လုပ်ငန်းကိစ္စများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက် နိုင်မည့် နိုင်ငံတော်ပိုင်ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ရန်၊

**မူကြမ်း**

(ခ) မြန်မာနိုင်ငံ၏တယ်လီကွန်းဈေးကွက်အတွင်း နိုင်ငံပိုင်အော်ပရေတာ၏ပါဝင်နိုင်မှု အခန်းကဏ္ဍ မှေးမှိန်ပျောက်ကွယ် မသွားစေရေးအတွက် ရရှိထားသော ဈေးကွက် ဝေစုအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန်၊

(ဂ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ပိုမိုတိုးချဲ့နိုင်စေရန်၊

(င) မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဈေးကွက်အတွင်း နိုင်ငံပိုင်အော်ပရေတာအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ခြင်းဖြင့် ပြိုင်ဘက်အော်ပရေတာများက ဈေးကွက်အား ချုပ်ကိုင်လွှမ်းမိုးမှုကို ကာကွယ် တားဆီးနိုင်စေရန်၊

(စ) နိုင်ငံတော်အစိုးရ၏ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသွင်ကူးပြောင်းဆောင်ရွက်ရန်၊

(ဆ) ပွင့်လင်းမြင်သာမှုရှိသော ပိုမိုကောင်းမွန်သည့် တာဝန်ယူမှု/ တာဝန်ခံမှုစနစ် ဖြစ်ပေါ်လာစေရန်၊

(ဇ) ယှဉ်ပြိုင်မှုပြင်းထန်သည့် တယ်လီကွန်းဈေးကွက်တွင် နိုင်ငံတော်ပိုင်အဖွဲ့အစည်း တစ်ခုအနေဖြင့် အောင်မြင်စွာရပ်တည်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ ပြယုဂ်ကောင်း ရရှိနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၂-၄-၂၀၁၉ ရက် တနင်္လာနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းတွင် အခန်း(၁၁)ခန်းနှင့် အပိုဒ်ပေါင်း ၄၈ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၆၃)ချက်ကို သဘောတူလက်ခံ ပါသည်။

**မူကြမ်း**

(ဂ) ဥပဒေခေါင်းစီးရှိ ၁၃၈၀ ပြည့်နှစ် ဆိုသည့်စကားရပ်ကို ၁၃၈၁ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချ ဝန်ဆောင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(င) အပိုဒ် ၃ အပိုဒ်ခွဲ (ည) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) လုပ်ငန်းလိုင်စင်ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

(စ) အပိုဒ် ၃ အပိုဒ်ခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဎ) စီမံခန့်ခွဲရေးအဖွဲ့ဝင်ဆိုသည်မှာ ယင်းစကားရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေတွင် သီးခြားဖော်ပြထားခြင်းမရှိပါက စီမံခန့်ခွဲရေးအဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များကို ဆိုသည်။

(ဆ) အခန်း (၃) အပိုဒ် ၅ အပိုဒ်ခွဲ (က) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဇ) အပိုဒ် ၆ အပိုဒ်ခွဲ (က) ရှိ တရားဝင်လုပ်ပိုင်ခွင့်များ ဆိုသည့်စကားရပ်ကို လုပ်ပိုင်ခွင့်များကို ဤဥပဒေအရဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၇ ရှိ လုပ်ငန်းစစ်ဆေးရေးအဖွဲ့တစ်ရပ်အား ဝန်ကြီးဌာနသို့ ယင်းအချက် အလက်များအပေါ် အစီရင်ခံစာပြုစုတင်ပြနိုင်ရန် ဆိုသည့်စကားရပ်ကို လုပ်ငန်း စစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ဟုပြင်ဆင်ပါသည်။

(ည) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ ကော်ပိုရေးရှင်းသည် လိုအပ်ပါက လက်ရှိဖွဲ့စည်းပုံကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဋ) အခန်း (၄) အပိုဒ် ၉ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) ကို အဆိုပြုပြဋ္ဌာန်းချက် အတိုင်း ထားရှိပါသည်။

**မူကြမ်း**

(ဌ) အပိုဒ် ၉ အပိုဒ်ခွဲ (ခ) ရှိ သတ်မှတ်ချက်နှင့်အညီ ဆိုသည့်စကားရပ်ကို လိုအပ်ပါက ဟု ပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၁၀ အပိုဒ်ခွဲ (က) ရှိ ရွေးချယ်တာဝန်ပေးအပ်ရမည် ဆိုသည့်စကားရပ်ကို ဆန္ဒမဲဖြင့် ရွေးချယ်တာဝန်ပေးအပ်ရမည် ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ ရွေးချယ်တာဝန်ပေးနိုင်သည် ဆိုသည့်စကားရပ်ကို ဆန္ဒမဲဖြင့် ရွေးချယ်တာဝန်ပေးနိုင်သည် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ঢ) အပိုဒ် ၁၁ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဝန်ကြီးဌာနသည်ပုဒ်မ ၉ အရ စီမံခန့်ခွဲရေးအဖွဲ့ကို ပထမအကြိမ် ဖွဲ့စည်းရာတွင် အမှုဆောင်အရာရှိချုပ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးကိုဖြစ်စေ၊ ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်သူကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(ဏ) အပိုဒ် ၁၁ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁) ရှိ အသက်(၃၅)နှစ် ပြည့်ပြီးသူ ဆိုသည့် စကားရပ်ကို အသက် ၃၅ နှစ် ပြည့်ပြီးသူ ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၁၂ ရှိ စီမံခန့်ခွဲရေး အဖွဲ့ဝင်အဖြစ် ဆိုသည့်စကားရပ်ကို စီမံခန့်ခွဲရေး အဖွဲ့တွင်ဟု ပြင်ဆင်ပါသည်။

(ထ) အခန်း (၄) အပိုဒ် ၁၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) ရှိ ယင်းပုဂ္ဂိုလ်တစ်ဦးဦး၏ ဆိုသည့် စကားရပ်ကို အဆိုပါပုဂ္ဂိုလ်တစ်ဦးဦး၏ ဟု ပြင်ဆင်ပါသည်။

(ဒ) အပိုဒ် ၁၄ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အမှုဆောင်အရာရှိချုပ်မှအပ စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် ရာထူးသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိစေရ။

(ဓ) အပိုဒ် ၁၈ ရှိ လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဆိုသည့် စကားရပ်ကို လစ်လပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဟု ပြင်ဆင်ပါသည်။

(န) အခန်း (၅) အပိုဒ် ၂၁ အပိုဒ်ခွဲ (ဈ) ရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆိုသည့်စကားရပ်ကို ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ ဟုပြင်ဆင်ပါ သည်။

**မူကြမ်း**

(ပ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)ရှိ လုပ်ငန်းများ ဆောင်ရွက်ပေးသည့် အားလျော်စွာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုချင်းအလိုက်စိစစ်၍ ဆိုသည့်စကားရပ် ကို လုပ်ငန်းများဆောင်ရွက်ပေးရသည့်အတွက် ဟု ပြင်ဆင်ပါသည်။

(ဖ) အခန်း (၆) အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ)ရှိ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန် ဝန်ထမ်းများအား (၆)လတစ်ကြိမ် ဆိုသည့်စကားရပ်ကို လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန် ဝန်ထမ်းများအား တစ်နှစ်တစ်ကြိမ် ဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၂၄ အပိုဒ်ခွဲ (ဌ) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဘ) အခန်း(၁၀) အပိုဒ် ၃၇ ခြေဆင်းရှိ မိမိအသားတင်ပိုလျှံငွေထဲမှ လျာထားသတ်မှတ်၍ ဆိုသည့်စကားရပ်ကို မိမိအသားတင်ပိုလျှံငွေထဲမှဖြစ်စေ၊ ဝန်ထမ်း၏စုဆောင်းငွေမှ ဖြစ်စေ လျာထားသတ်မှတ်၍ဟု ပြင်ဆင်ပါသည်။

(မ) အပိုဒ် ၄၃ ရှိ နိုင်ငံတော်က ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သဖြင့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ယ) အခန်း(၁၁) အပိုဒ် ၄၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ အမှုဆောင် အရာရှိချုပ်သည် ဤဥပဒေအရ ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကိုလည်းကောင်း၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားစီးပွားရေး လုပ်ငန်းအဝဝကိုလည်းကောင်း စီမံခန့်ခွဲရေးအဖွဲ့သို့ တာဝန်ခံ၍ ဆောင်ရွက်ရမည်။

(ရ) အပိုဒ် ၄၅ ရှိ ဘဏ္ဍာရန်ပုံငွေမှ ကျခံပေးရမည် ဆိုသည့် စကားရပ်ကို ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည် ဟု ပြင်ဆင်ပါသည်။

(လ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အပိုဒ် ၄၅ ကို အပိုဒ် ၄၆ အဖြစ် ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဝ) အပိုဒ် ၄၉ အပိုဒ်ခွဲ (က) ရှိ နည်းဥပဒေများဆိုသည့်စကားရပ်ကို နည်းဥပဒေဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၇-၅-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ(၄)နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်(ဗုဒ္ဓဟူးနေ့)နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နေ့လယ် ၁၂း၀၀ နာရီအချိန်တွင်ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၃.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




**Daw Nan Moe** **U Saw Valentine**




**Maj Zaw Win Naing** **U Saw Valentine**




**Dr Sein Mya Aye** **U Win Maw Tun**




**Daw Soe Nwe Aye** **U Win Maw Tun**




**Dr Min Thein** **U Win Maw Tun**




**U Khin Maung Thi** **U Win Maw Tun**

pyithu.hluttaw.mm



Dr Hla Moe



U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်